# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၁၉ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၅၉)


## ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)

# Y-8 လေယာဉ်၏ Black Box ရှာဖွေတွေ့ရှိ



**နေပြည်တော် ဇွန် ၁၈**

ပင်လယ်ပြင်အတွင်း ပျက်ကျခဲ့သည့် တပ်မတော်သယ်ယူပို့ဆောင်ရေး Y-8 လေယာဉ်အား ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် တွေ့ရှိခဲ့သည့် လေယာဉ်အမှတ်၊ ၅၈၂၀ အမှတ်အသားပါ လေယာဉ်အမြီးပိုင်း နေရာ ပတ်ဝန်းကျင်တွင် အပိုင်းအစအချို့အားတွေ့ရှိပြီး ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရေယာဉ်ပေါ်သို့ ဆယ်ယူနိုင်ခဲ့သည်။

အလားတူ လေယာဉ်အမြီးပိုင်းအား လေအိတ်များအသုံးပြု၍ ရေမျက်နှာပြင်ပေါ်သို့ မတင်ဆယ်ယူခဲ့ပြီး ညနေ ၃ နာရီခွဲတွင် ရေယာဉ်ပေါ်သို့ တင်ဆောင်နိုင်ခဲ့သည်။ အဆိုပါ လေယာဉ်အမြီးပိုင်းတွင် FDR-Flight Data Recorder (Black Box) နှင့် CVR - Cockpit Voice Recorder တို့ပါရှိပြီး လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ဖော်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျန်အစိတ်အပိုင်းများအား ရှာဖွေရရှိရေးအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ဒေသခံငါးဖမ်းစက်လှေများ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လေယာဉ်အမြီးပိုင်းနှင့်အတူ အမျိုးသားရုပ်အလောင်းတစ်လောင်းအား ထပ်မံရှာဖွေတွေ့ရှိသဖြင့် ယခုအချိန်ထိ စုစုပေါင်း ရုပ်အလောင်း ၉၂ လောင်း ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝိသာခါ ပုဏ္ဏာမိ ဂုဏ်ဝေသီလရှင်စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲသို့ နိုင်ငံတော်သမ္မတ၏ဇနီး တက်ရောက်

စာ » ၃

## မော်စကိုမြို့ရှိ မော်စကိုဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ တတိယအကြိမ် ဒုလ္လဘရဟန်းခံ အလှူမင်္ဂလာကျင်းပ

စာ » ၄

## မြန်မာနိုင်ငံက အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် သူတို့ရဲ့ ပြဿနာတွေကို သူတို့ကိုယ်တိုင်ဖြေရှင်းဖို့ အခွင့်အလမ်းတစ်ရပ် ပေးရမှာဖြစ်

စာ » ၆

## အာဖဂန်ရဲတပ်ဖွဲ့ဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွား၊ အများအပြားသေဆုံး

စာ » ၁၀

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

(မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၆-၂၀၁၇

| | |
|---|---|
| တောင်ကုတ်မြို့ | ၃ ဒသမ ၉၄ လက်မ |
| ရွှေကျင်မြို့ | ၃ ဒသမ ၅၄ လက်မ |
| သံတွဲမြို့ | ၂ ဒသမ ၉၁ လက်မ |
| မဒေါက်မြို့ | ၂ ဒသမ ၈၇ လက်မ |
| ကမမောင်းမြို့ | ၂ ဒသမ ၈၁ လက်မ |
| သထုံမြို့ | ၂ ဒသမ ၆၉ လက်မ |
| ဂွမြို့ | ၂ ဒသမ ၅၂ လက်မ |
| ဘီးလင်းမြို့ | ၂ ဒသမ ၅၂ လက်မ |
| ကျောက်ဖြူ | ၂ ဒသမ ၃၂ လက်မ |
| ဘားအံမြို့ | ၂ ဒသမ ၃၂ လက်မ |
| ကော့ကရိတ်မြို့ | ၂ ဒသမ ၀၉ လက်မ |


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အောင်မြင်ရန်လို

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်လျက်ရှိကြသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများဖွဲ့စည်းခြင်း၊ ပြင်းထန်သော ဥပဒေများချမှတ်ခြင်း၊ အစိုးရဝန်ထမ်းများအတွက် တိကျသော စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားခြင်းနှင့် ကုမ္ပဏီများကို သန့်ရှင်းသော စီးပွားရေးဆောင်ရွက်ရန် ကတိပြုစေခြင်းစသည်ဖြင့် ဘက်စုံဆောင်ရွက်ကြသည်ကို တွေ့နိုင်ပါသည်။

သို့တိုင်အောင် အဂတိလိုက်စားမှုများကို အပြီးတိုင်တိုက်ဖျက်နိုင်သော နိုင်ငံဟူ၍မရှိဘဲ အတော်အတန်လျော့ပါးသွားအောင် လုပ်နိုင်သည်ကိုသာ တွေ့ရသည်။ ယခုတလောတွင်ပင် ရုရှား၌ တစ်နိုင်ငံလုံးအနှံ့ အဂတိလိုက်စားမှုဆန့်ကျင်သော ဆန္ဒပြပွဲများဖြစ်ပွားခဲ့သည်။ တောင်ကိုရီးယားတွင် အဂတိလိုက်စားမှုနှင့်ငြိစွန်းသည်ဟု ဆုံးဖြတ်ခံခဲ့ရသောကြောင့် သမ္မတပြုတ်ကျခဲ့သည်။ အိန္ဒိယတွင် နိုင်ငံအနှံ့ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး တရုတ်ပြည်တွင် အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူကိစ္စများကြောင့် လူပေါင်း တစ်သန်းနှစ်သိန်းကျော် အရေးယူခံခဲ့ရပြီး အမှုပေါင်းသုံးသောင်းကျော်ကို ပြစ်ဒဏ်များ ချမှတ်ခဲ့ရပေသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် 'ကုလသမဂ္ဂအဂတိလိုက်စားမှုဆန့်ကျင်ရေး ကွန်ဗင်းရှင်း' ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၅ ခုနှစ်ကထုတ်ပြန်သော 'နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့' (Transparency International)က ထုတ်ပြန်သော အဂတိလိုက်စားမှု အညွှန်းကိန်းအရ နိုင်ငံပေါင်း ၁၆၈ နိုင်ငံတွင် ၁၄၇ နိုင်ငံအဆင့်တွင်ရှိသည်။ ၂၀၁၆ ခုနှစ်အတွက် ထုတ်ပြန်သောစာရင်းအရ နိုင်ငံပေါင်း ၁၇၆ နိုင်ငံတွင် အဆင့် ၁၃၆ သို့ တက်လာသည်ကို တွေ့ရပါသည်။

ထိုစာရင်းများအရ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် တိုးတက်မှုရှိသည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဝန်ကြီးများအဆင့်တွင် အဂတိလိုက်စားမှုကင်းရှင်းခဲ့ခြင်းအတွက် ကျေနပ်ကြောင်း ပြောကြားခဲ့ဖူးပါသည်။ သို့သော် အောက်ခြေအဆင့်များတွင် လာဘ်ပေးလာဘ်ယူမှုများ ပျံ့နှံ့စွာရှိနေဆဲဖြစ်သည်ဟူသော ပြောဆိုမှုများလည်းရှိပါသည်။ ဇွန်လ ၈ ရက်နေ့က တွေ့ရှိရသော သတင်းများတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စတင်ဖွင့်လှစ်သည့် ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ ၂၀၁၇ ခုနှစ် မေလ ၃၁ ရက်နေ့အထိကာလအတွင်း ကော်မရှင်သို့လိပ်မူ၍ တိုင်ကြားသည့်စာနှင့် မိတ္တူပေးပို့သည့်စာပေါင်း ၃၂၉၈ စောင် လက်ခံရရှိခဲ့သည်ဟု သိရသည်။ ထိုတိုင်ကြားစာများမှ ၄၁ စောင်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး ကျန်တိုင်ကြားစာအများစုကို စာတမ်းတွဲခြင်းပြုလုပ်ခဲ့ကြောင်း ကော်မရှင်၏ထုတ်ပြန်ချက်အရ သိရသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ထိုတိုင်ကြားစာများတွင် ဌာနဆိုင်ရာကိစ္စ ၉၆၂ စောင်ဖြင့် အများဆုံးဖြစ်ပြီး၊ မြေယာကိစ္စတိုင်ကြားစာ ၄၈၄ စောင်၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လွဲမှားဆောင်ရွက်ချက် ၆၈၂ စောင်နှင့် တရားစီရင်ရေးနှင့်သက်ဆိုင်သည့်ကိစ္စတိုင်ကြားစာ ၄၈၁ စောင် ပါဝင်ခြင်းဖြစ်ပါသည်။ ထိုကိစ္စများတွင် အဂတိလိုက်စားခြင်းနှင့် လာဘ်ပေးလာဘ်ယူကျူးလွန်သော အမှုအကျင့်အမျိုးမျိုးရှိနိုင်ပါသည်။ လာဘ်ပေးလာဘ်ယူခြင်း၊ ပြည်သူ့ဘဏ္ဍာငွေ (သို့မဟုတ်)ပြည်သူပိုင်ပစ္စည်းများ ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် လွှဲပြောင်းခြင်း၊ မိမိ၏ရာထူးဩဇာကို အလွဲသုံးစား ပြုခြင်း၊ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်အတိုင်း မထမ်းဆောင်ဘဲ အလွဲသုံးစားပြုခြင်း၊ ရှင်းလင်းဖော်ပြနိုင်မှုမရှိသော တရားမဝင်ကြွယ်ဝချမ်း သာခြင်း၊ တရားမဝင်ရရှိထားသော ကြွယ်ဝချမ်းသာမှုများကို နည်းအမျိုးမျိုးဖြင့် ပုံဖျက်ဖုံးကွယ်ခြင်းနှင့်လွှဲပြောင်းခြင်းစသော သဏ္ဌာန်မျိုးစုံကို တွေ့ရှိနိုင်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည်။ ပြည်သူများအနေဖြင့် တာဝန်သိစွာ တိုင်ကြားမှုများပြုလုပ်ရန် လိုသလို၊ စုံစမ်းဖော်ထုတ်မှုနှင့် ဌာနတွင်အရေးယူဆောင်ရွက်မှုများကိုလည်း ပြည်သူသိအောင်ချပြသင့်ပါသည်။ သို့မှသာ လာဘ်ပေးလာဘ်ယူမှု အစိုးရက တိုက်ဖျက်နေခြင်းကို ပြည်သူများကြားတွင် ပိုမိုသိရှိလာမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့က နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ကြေညာချက်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူထုပါဝင်လာစေရန် ပထမဆုံးတံခါးဖွင့်ပေးခြင်းဖြစ်ရာ ကော်မရှင်အနေဖြင့် ပြည်သူများအလွယ်တကူတိုင်ကြားနိုင်ရန် နည်းလမ်းပေးထားရန် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့်လည်း အရေးယူဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အထောက်အထားအပြည့်အစုံဖြင့် တိုင်ကြားနိုင်ရန် လိုအပ်နေပါကြောင်း တင်ပြရပါသည်။ ။

## စဉ်ဆက်မပြတ် သူနာပြုသားဖွားပညာပေးရေးဟောပြောပွဲ နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းနှင့် နေပြည်တော် သူနာပြုနှင့်သားဖွားအသင်းတို့ ပူးပေါင်းကျင်းပသည့် စဉ်ဆက်မပြတ် သူနာပြုသားဖွား ပညာပေးရေး ဟောပြောဆွေးနွေးပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းခန်းမ၌ ကျင်းပရာ နေပြည်တော် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီတာလှနှင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဌာနမှူး ဒေါက်တာကျော်ကျော်လင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြင့်က သူနာပြုသားဖွားကျန်းမာရေး ဆရာမများသည် ခေတ်နှင့်အညီ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနေသော သူနာပြုပညာရပ်များ၊ အတွေ့အကြုံ ဗဟုသုတများကို သိရှိနားလည်ရယူပြီး လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် ကျွမ်းကျင်အသုံးချ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ပြည်သူလူထုက စိတ်ဝင်စားလာအောင် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်အေးအေးမြတ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နွဲ့နွဲ့ခင်က အပြည်ပြည်ဆိုင်ရာ သူနာပြုညီလာခံအတွေ့အကြုံများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သိန်းသိန်းကြည်က ကုသမှုနှင့်ဘောင်ဝင်သော ဆက်ဆံမှုအတတ်ပညာနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်ကျန်ခိုင်က သူနာပြုများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် စီမံခန့်ခွဲမှု ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ထင်သာမြင်သာ ပြုပြင်စရာ

## ဓာတ်တိုင်ကိုထိန်းညှိထားသော စတီးလ်ကြိုး(ဆိုင်းကြိုး) ကားလမ်းမပေါ်ရောက်နေသဖြင့် ယာဉ်အန္တရာယ်များဖြစ်လာနိုင်

**သထုံ ဇွန် ၁၈**

ရန်ကုန် - မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်၌ ၃၃ ကေဗွီ ထုံ - ဘီးလင်း ဓာတ်အားလိုင်း ဓာတ်တိုင်ကို မလဲအောင်ထိန်းညှိထားသော စတီးလ်ကြိုး (ဆိုင်းကြိုး)သည် လမ်းမပေါ်ရောက်ရှိနေသောကြောင့် ယာဉ်အန္တရာယ်များ၊ လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ အဝေးပြေးလမ်းမကြီး လမ်းကွေ့၌ စိုက်ထူထားသော ၃၃ ကေဗွီ သထုံ- ဘီးလင်းဓာတ်အားလိုင်းတိုင် နှစ်တိုင်ကို ထိန်းညှိထားသော စတီးလ်ကြိုးများသည် လမ်းမပေါ်၌ လည်းကောင်း၊ လမ်းနှင့်နီးကပ်စွာတည်ရှိနေသောကြောင့် လည်းကောင်း၊ အဝေးပြေးယာဉ်မောင်းများ၊ ခရီးသည်များ ၊ ပြည်သူများအတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်သော အဆိုပါ မီးတိုင်များအား သက်ဆိုင်ရာက လိုက်လံစစ်ဆေး၍ လည်းကောင်း အဆင်ပြေအောင် ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။

နိုင်ငံတော်ကဦးဆောင်မှုဖြင့် မွန်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာစေရေးအတွက် သက်ဆိုင်ရာကုမ္ပဏီများက လမ်းများတိုးချဲ့ဆောင်ရွက်နေရာ ယခင်က စိုက်ထူထားရှိခဲ့သော လမ်းမီးတိုင်အချို့မှာ ယခုကဲ့သို့ နီးကပ်စွာရောက်ရှိလာသည်ဟု သိရသည်။ "ဒီ လမ်းအကွေ့မှာ ဘာမှမဖြစ်ရင်တော့ ဘာမှမဖြစ်ပါဘူး၊ ဖြစ်ခဲ့ရင်တော့ လူ၊ကား၊ဓာတ်တိုင်တွေ ပျက်စီးဆုံးရှုံးမှုများမယ်"ဟု ဒေသခံကျေးရွာသားတစ်ဦးက ပြောသည်။

**ခွန်(ဝင်းပ)**



## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း

၁၈-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၁၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၂ | ၆၇၅/၇၀၀ ကျပ် (လက်လီစျေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၄၀ ကျပ် (လက်လီစျေး) |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၅ ကျပ် (လက်လီစျေး) |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၁ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၂ ・ ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ ・ ၈၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・ ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・ ၁ |
| တရုတ် | တစ်ယွမ် | ၁၉၉ ・ ၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ・ ၅၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေသီလရှင်စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲသို့ နိုင်ငံတော်သမ္မတ၏ဇနီး တက်ရောက်

**နေပြည်တော် ဇွန် ၁၈**

ဝိသာခါဖောင်ဒေးရှင်းက ဦးဆောင်လှူဒါန်းသည့် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်တိုက်ရှိ အဆိုပါကျောင်းဆောင်သစ်မျက်နှာစာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေးချီးမြှင့်သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်တိုက် ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီ၊ ဖောင်ဒေးရှင်းနာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်က ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက်ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါစာကြည့်တိုက်ရှေ့၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ ဝိသာခါဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာစုလှဟန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါက်တာဒေါ်စုစုလွင်နှင့် အဖွဲ့ဝင်များသည် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ စာကြည့်တိုက်နှင့် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ စာသင်ကျောင်းဆောင်သစ်၌ ဆက်လက်ကျင်းပရာ ဝိသာခါဖောင်ဒေးရှင်းနာယကက စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝိသာခါဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာစုလှဟန်နှင့် အဖွဲ့ဝင်များက သီလရှင်စာသင်တိုက် ပဓာန နာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီထံ စာသင်ကျောင်း၊ စာကြည့်တိုက်တို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။




နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)



## ပေးအပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်တိုက် ပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီထံ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် တည်ဆောက်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီနှင့် ဖောင်ဒေးရှင်းနာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်တို့ ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ် (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဝိသာခါဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့ ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ် (သတင်းစဉ်)

# မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူမျိုး၊ ဘာသာနဲ့ ဒေသအမျိုးမျိုးမှာရှိတဲ့ နိုင်ငံသားတွေ၊ မိဘမဲ့လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ရည်ရွယ်

ဝိသာခါဖောင်ဒေးရှင်းက ဦးဆောင်လှူဒါန်းသည့် ဝိသာခါ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် တွင် နေပြည်တော် လယ်ဝေးမြို့ ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင်စာသင်တိုက်၌ ကျင်းပခဲ့သည်။

ဝိသာခါဖောင်ဒေးရှင်းနှင့် ပုဏ္ဏမီ ဂုဏ်ဝေသီလရှင်စာသင်တိုက်တို့နှင့် ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီ**
**ပုဏ္ဏမီ ဂုဏ်ဝေသီလရှင်စာသင်တိုက်**

သီလရှင်စာသင်တိုက်ကို မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်မှာစတင် တာဝန်ယူအုပ်ချုပ်ခဲ့ပါတယ်။ စာသင်တိုက်မှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သီလရှင်အပါး ၁၀၀ ၊ ၁၅၀ ရှိခဲ့ပြီး ဒီနှစ်တော့ ၁၇၀ အထိ တိုးပွားလာခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်တဲ့ အနယ်နယ်အရပ်ရပ်က ကလေးတွေကို အသိပညာနဲ့ ဉာဏ်ပညာထွန်းကားပါစေ၊ နိုင်ငံတော်အတွက် သားကောင်းရတနာ သမီးကောင်းရတနာတွေ ထွန်းကားပေါ်ပေါက်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီစာသင်တိုက်မှာ သီလရှင်ဆရာလေးတွေနဲ့ ကလေးတွေရှိပါတယ်။ အမျိုးသားကလေးလေးတွေ အရွယ်ရောက်လာရင် ဆရာတော်တွေ သင်ကြားပို့ချတဲ့ကျောင်းတွေကို ဆက်လက်ပို့ဆောင်သင်ကြားစေမှာ ဖြစ်ပါတယ်။ အခုကျောင်းဆောင်သစ်ကို ၂၀၁၂ ခုနှစ် ဇွန်လမှာ စတင်ဖောင်ဒေးရှင်းချခဲ့ပါတယ်။



သီလရှင်ဆရာကြီး ဒေါ်ဇေယျာသိင်္ဂီ (ပုဏ္ဏမီ ဂုဏ်ဝေ သီလရှင် စာသင်တိုက် )

နောက်တော့ ဝိသာခါဖောင်ဒေးရှင်းကနေ ဆက်လက်တည်ဆောက်လှူဒါန်းပေးတာဖြစ်ပါတယ်။

ကျောင်းဆောင်သစ်ကတော့ အလျားပေ ၆၀ ၊ အနံ ပေ ၃၀ နှစ်ထပ် ကျောင်းဆောင်သစ် ဖြစ်ပါတယ်။ ကျောင်းမှာ သူငယ်တန်းကနေ ဒသမတန်းအထိ ပညာသင်ကြားနေကြပါတယ်။ စတုတ္ထတန်းအထိကတော့ အစိုးရအသိအမှတ်ပြု ဖြစ်ပါတယ်။ ၅ တန်း၊ ၆ တန်းနဲ့ ၇ တန်းတွေကတော့ တွဲဖက်တွေ ဖြစ်ပါတယ်။ ၈ တန်း၊ ၉ တန်းနဲ့ ၁၀ တန်းကိုတော့ အစိုးရအထက်တန်းကျောင်းတွေမှာ ထားပေးပါတယ်။ ကျောင်းမှာ ဆရာမ ကိုးဦး ရှိပါတယ်။

သီလရှင်သင် ပညာရေးကျောင်းကိုလည်း ပြည်သူလူထုက ပိုမိုအလေးထားမှသာ သာသနာတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ ဒီကျောင်းဆောင်သစ်ကြီး ပေါ်ပေါက်လာလို့ အင်မတန်ဝမ်းသာရပါတယ်။



ဒေါက်တာ ဝင်းမင်းသစ် (ဝိသာခါ ဖောင်ဒေးရှင်း နာယက)

**ဒေါက်တာဝင်းမင်းသစ်**
**ဝိသာခါ ဖောင်ဒေးရှင်းနာယက**

ကျွန်မတို့ရဲ့ဖောင်ဒေးရှင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ စတင်တည်ထောင်ခဲ့ပါတယ်။ ကျွန်မတို့ အသင်းရဲ့ရည်ရွယ်ချက်တွေကတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လူမျိုး၊ ဘာသာနဲ့ ဒေသအမျိုးမျိုးမှာရှိတဲ့ နိုင်ငံသားတွေ အထူးသဖြင့် မိဘမဲ့လူငယ်တွေနဲ့ ကလေးတွေအတွက် ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေးစတာတွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်ပါတယ်။

အဲဒီရည်ရွယ်ချက်နဲ့အညီ အခြေခံပညာရေးနဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေ တက်ရောက်နိုင်ဖို့ ပံ့ပိုးမှုအစီအစဉ်တွေ ဆောင်ရွက်နိုင်ရေး၊ ဘဝရပ်တည်နိုင်ဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ အကူအညီပေးရေး၊ အခြားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရေးအတွက် အကူအညီပေးရေးနဲ့ အထောက်အကူပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးကုသဖို့ အခက်အခဲတွေ့နေတဲ့ အခြေခံပြည်သူတွေကို အထောက်အကူပြုရေးအပါအဝင် ရည်ရွယ်ချက်ချင်းတူညီတဲ့ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး လူမှုရေးပရဟိတလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အတွေ့အကြုံအမြင် သဘောတရားတွေ ဖလှယ်နိုင်ဖို့ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ရည်မှန်းချက်ကတော့ နိုင်ငံအတွင်းမှာရှိတဲ့ မတူညီတဲ့ လူမျိုး၊ ဘာသာနဲ့ ဒေသအမျိုးမျိုးက မိဘမဲ့ ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံသားလူငယ်တွေနဲ့ ကလေးသူငယ်တွေရဲ့ဘဝတိုးတက်မြင့်မားဖို့အတွက် အခြေခံပညာရေးနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုခုကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ပြီး ဘဝရပ်တည်နေထိုင်နိုင်ရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျော့နည်းလာစေပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝကို ရရှိနိုင်ရေးတို့ပဲဖြစ်ပါတယ်။

ကျွန်မတို့ဟာ ဖောင်ဒေးရှင်းရဲ့ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ **မင်းမင်းဇော်၊ မွှေးကြူဇင် (သတင်းစဉ်)**

# မော်စကိုမြို့ရှိ မော်စကိုဗုဒ္ဓဝိဟာရဘုန်းတော်ကြီးကျောင်း၌ တတိယအကြိမ် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာကျင်းပ

**နေပြည်တော် ဇွန် ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ မော်စကိုဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ မြန်မာ့တပ်မတော်မှ ပညာတော်သင်အရာရှိများနှင့် ရုရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တတိယအကြိမ် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြပြီး ဘုန်းတော်ကြီးကျောင်းအတွင်း တည်ထားကိုးကွယ်မည့် သီတဂူရွှေစည်းခုံပုံတူစေတီတော် တည်ဆောက်မည့်မြေနေရာနှင့် ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းထိုင်ဆရာတော် ဒေါက်တာအရှင်အစ္စရိယထံ ဘုန်းတော်ကြီးကျောင်း တိုးချဲ့တည်ဆောက်နိုင်ရေး အခြေအနေများအား မေးမြန်းလျှောက်ထားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆောင်တိုးချဲ့တည်ဆောက်ရန် လိုအပ်သည်များကို ဖြည့်ဆည်းလှူဒါန်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဆက်လက်ပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော် ဒေါက်တာအရှင်အစ္စရိယထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ မော်စကိုမြို့ရှိ ဗုဒ္ဓဝိဟာရဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် တတိယအကြိမ်မြောက် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာအခမ်းအနားတွင် ဒုလ္လဘရဟန်းလောင်းများဖြစ်ကြသည့် ရုရှားနိုင်ငံတွင် ပညာသင်ကြားလျက်ရှိသော တပ်မတော်မှ အရာရှိခြောက်ဦး၊ ရုရှားနိုင်ငံသား နှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးတို့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဘုန်းတော်ကြီးကျောင်းတွင် ဆံချခြင်း၊ သင်္ကန်းတောင်းခြင်း၊ သရဏဂုံသုံးပါးနှင့် ဆယ်ပါးသီလခံယူဆောက်တည်၍ သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာနှင့် ဥပသမ္ပဒမင်္ဂလာများ ကျင်းပပြုလုပ်ခဲ့ကြောင်းနှင့် ယခုနှစ် ဝါဆိုရာသီကျောင်းပိတ်ရက်တွင် ပညာတော်သင် အရာရှိ ၈၀ ဒုလ္လဘရဟန်းဝတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မော်စကိုမြို့ရှိ မော်စကိုဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်း၌ တတိယအကြိမ် ဒုလ္လဘရဟန်းခံအလှူမင်္ဂလာအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိမ်ဆင်းလောင်းလှူစဉ်**
(သတင်းစဉ်)

# (၁၀၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်

နေပြည်တော် ဇွန် ၁၈

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၅ ရက်မှ ဇွန် ၁၆ ရက်အထိ ကျင်းပခဲ့သည့် (၁၀၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။** (အောက်ပုံ)




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် ILO အုပ်ချုပ်မှုအဖွဲ့ (Governing Body) အဖွဲ့ဝင်ရွေးချယ်ခြင်းတွင် ဆန္ဒမဲပေးခဲ့ပြီး ဆန္ဒမဲပေးရွေးချယ်ရာတွင် မြန်မာနိုင်ငံအား ၂၀၁၇-၂၀၂၀ ပြည့်နှစ်အတွက် ILO အုပ်ချုပ်မှုအဖွဲ့ (Deputy Member) အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၃ ရက်တွင် အာဆီယံ အလုပ်သမားဝန်ကြီးများ၏ အလုပ်သဘော တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။ မွန်းလွဲပိုင်းတွင် ဂျီနီဗာမြို့ ပဲလေ့ဒီနေးရှင်းကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် ညီလာခံစုံညီအစည်းအဝေး၌ မြန်မာနိုင်ငံ၏ အလုပ်သမားရေးရာဥပဒေများ ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲနေမှု၊ အလုပ်သမားရေးရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများ၊ အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းရေး၊ အဓမ္မခိုင်းစေမှုပပျောက်ရေးနှင့် ကလေးအလုပ်သမား လျော့နည်းပပျောက်စေရေးတို့အတွက် ILO ကွန်ဗင်းရှင်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် ဒိန်းမတ်နိုင်ငံ အလုပ်သမားဝန်ကြီးနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် အလုပ်သမားရေးရာကိစ္စရပ်များအား လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ILO တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုကူညီဆောင်ရွက်နိုင်ရန်အတွက် ILO ဆက်သွယ်ရေးအရာရှိရုံးအစား မြန်မာနိုင်ငံဆိုင်ရာ ILO ရုံးအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် International Organization for Migration (IOM) အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် Mr.William Swing နှင့် တွေ့ဆုံ၍ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(၁၀၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများ၊ အလုပ်သမားကိုယ်စားလှယ်နှင့် ၎င်း၏အကြံပေးကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် ၎င်း၏အကြံပေးပုဂ္ဂိုလ်တို့ ပါဝင်တက်ရောက်ခဲ့ပြီး ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဗ္ဗသီရိမြို့နယ်တွင် အသိပညာပေးဟောပြော

**နေပြည်တော် ဇွန် ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က ကံလှကွက်သစ်ရာအိမ်မှူး ဦးသိန်းဇော်၏နေအိမ်၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က အမှာစကားပြောကြားပြီး ပြည်သူများသိရှိနားလည်ရန်အတွက် မှုခင်းဖြစ်ပွားမှုများနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် ဆောင်ရွက်နေမှုများ၊ မှုခင်းကျဆင်းရေးတို့အတွက် ရဲတပ်ဖွဲ့မှ ဆောက်ရွက်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဒုရဲအုပ်ဇော်မင်းက ရဲစခန်းပိုင်နယ်မြေအတွင်း မှုခင်းလျော့နည်းစေရေးအတွက် လှည့်ကင်း၊ ရပ်ကင်း၊ ပိတ်ဆို့စစ်ဆေးဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး တောင်သူများနှင့် ဆွေးနွေး

**ဘောလခဲ ဇွန် ၁၈**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့ ရေနီပေါက်ကျေးရွာတွင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က ကျင်းပရာ ဒုတိယပြည်နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ညိုညိုအောင်၊ ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်ခင်ရီလေး၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစောဂျော်နီနှင့် ပြည်နယ်မြေအသုံးချတာဝန်ခံ ဒေါ်စန်းစန်းလွင်တို့က နှမ်းသီးနှံစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ GAP စနစ်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးတို့ကို နည်းပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးရာသီအတွက် စပါးမျိုးကောင်းမျိုးသန့်များ တောင်သူများ လက်ဝယ်အချိန်မီရောက်ရှိရေးအတွက် ခရိုင်ဦးစီးမှူး ဦးချစ်ဆွေဦးနှင့် မြို့နယ်ဦးစီးမှူးတို့က တောင်သူလယ်သမားများနှင့် မြို့သစ်မြို့၌ ယင်းနေ့တွင်ပင် တွေ့ဆုံခဲ့၍ မျိုးစေ့များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**မောင်ကျော်ကြီး**



# သဘာဝဘေးအန္တရာယ်ရင်ဆိုင်ရပါက အဆင်သင့်ဖြစ်စေရေး ပြည်ထောင်စုဝန်ကြီး ကွင်းဆင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၈**

ပြည်သူတို့၏ လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးသို့ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရေစကြိုမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့သို့ သွားရောက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများ၊ ရပ်မိ ရပ်ဖများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အကျိုးကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်သူနှင့် အနီးစပ်ဆုံးရှိနေရန် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ ပြည်သူက ဝန်ကြီးဌာနနှင့် တိုက်ရိုက်ဆက်သွယ်ခွင့်ရှိခြင်း၊ ပြည်သူ့အသံကို နားထောင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပြီး မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝဘေးပုံမှန်ကျရောက်သည့်နိုင်ငံဖြစ်ပြီး ပညာရှင်များ၏ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာ့နိုင်ငံ ၁၇၁ နိုင်ငံတွင် အဆင့် ၄၂ တွင်ရှိပြီး ရင်ဆိုင်တုံ့ပြန်ရန် အဆင်သင့်ဖြစ်မှုတွင် အဆင့် ၁၅၇ တွင် ရှိပါကြောင်း။

ထို့ကြောင့် အဆင်သင့်ဖြစ်မှု လိုအပ်သည်မှာ ထင်ရှားပါကြောင်း၊ ၎င်းအခြေအနေသည် နိုင်ငံတစ်နိုင်ငံ၏ လမ်းတံတားအဆောက်အအုံများကြံ့ခိုင်မှု၊ ကုန်းလမ်း၊ လေလမ်း၊ ရေလမ်းပို့ဆောင်မှုလုံခြုံမှုမရှိခြင်းနှင့် ဆက်သွယ်ရေးစနစ်လိုအပ်မှု၊ လျှပ်စစ်စွမ်းအင်မလုံလောက်မှု စသည့် အချက်များပေါ်တွင် မူတည်သည်ကို လေ့လာတွေ့ရှိပါကြောင်း၊ ပခုက္ကူခရိုင်သည် သဘာဝဘေးကြုံတွေ့ခံစားရသည့် ဒေသတစ်ခုဖြစ်ပြီး လတ်တလောတွင်လည်း ရေကြီးခြင်း၊ မြစ်ကမ်းပါးပြိုခြင်းတို့ကို ကြုံတွေ့နေရသဖြင့် ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြစ်ကမ်းပါးပြိုသည့်ကိစ္စရပ်များသည် ငွေကြေးကျခံသုံးစွဲပြီး စနစ်တကျအချိန်ယူကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ စီမံကိန်းဖြင့် ဆောင်ရွက်နိုင်ရေး လေ့လာဆန်းစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လတ်တလောအနေဖြင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်လိုလားချက်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲတက်ရောက်လာသူများက ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ၊ အတားအဆီးများ၊ လိုအပ်ချက်များနှင့် ဆောင်ရွက်လိုသည်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့ အမှတ်(၄) ရပ်ကွက်သို့ သွားရောက်ပြီး ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုအား ကြည့်ရှုကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအတွက် သဲအိတ်များဖြင့် ထိန်းသိမ်းကာကွယ်နိုင်ရေး ဝန်ကြီးဌာနက ထောက်ပံ့ငွေကျပ်သိန်း ၆၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့နယ် ကျွန်းညိုကြီးကျေးရွာသို့ သွားရောက်ကာ ရောဝတီမြစ်ရေတိုက်စားမှုကိုကာကွယ်ရန်အတွက် (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ကျပ်သိန်း ၃၅၀၀ ကျခံကာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ထားသည့် ရေလမ်းထိန်းရေကာ ၁၂ ခုဆောင်ရွက်ထားရှိမှုနှင့် လက်ရှိတွင် ရေတိုက်စားသဖြင့် အဆိုပါနေရာအနီးတစ်ဝိုက်တွင် ကမ်းပါးပြိုမှုများထပ်မံဖြစ်ပွားနေမှုနှင့် လက်ရှိတွင် Geotextile ကင်းဘတ်စများဖြင့် သပ်ရိုက်ကာ ကမ်းပါးအား ရေတိုက်စားမှုမှ ကာကွယ်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုရှိနေပြီး ၎င်းတို့၏ဆန္ဒမှာ အမြန်ပြန်လည်ပြုပြင်ပေးနိုင်ရေးကို လိုလားကြောင်း သိရသည်။

ကမ်းပါးပြိုမှုကြောင့် ဘေးသင့်နေအိမ်နှစ်လုံးအတွက် ပြောင်းရွှေ့စရိတ်နှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပြီးဖြစ်ပါကြောင်းနှင့် ပြောင်းရွှေ့ရန် ကျန်ရှိသည့် နေအိမ်ခုနစ်လုံးအတွက်ကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆက်လက်ထောက်ပံ့သွားမည်ဖြစ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်ရှိ အသက်(၉၀)နှစ်အထက် ဘိုးဘွားလေးဦးအတွက် နိုင်ငံတော်ရန်ပုံငွေဖြင့် ထောက်ပံ့သောဧပြီ၊ မေ၊ ဇွန် သုံးလစာ လူမှုရေးပင်စင်ကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



○ *ကျောဖုံးမှ*

အဆိုပါ ရေဝင်ရောက်မှုမှာ ဥရုချောင်းဘေး ဖားကန့်မြို့အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် မြို့မရပ်ကွက် ကျောက်ဝိုင်းတွင် အမြင့်ငါးပေခန့်၊ ငှက်ပျောတော ရပ်ကွက်တွင် အမြင့်ခြောက်ပေခန့်၊ မရှိုကထောင်ရပ်ကွက်လမ်းဆုံတွင် အမြင့်သုံးပေခန့်၊ အေးမြသာယာရပ်ကွက်နှင့် ဆန်းကြွယ်ကျေးရွာသွားကားလမ်းပေါ်တွင် အမြင့်ခြောက်ပေခန့်စီ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ငှက်ပျောတောရပ်ကွက် ကြိုးတံတားပေါ်တွင် ရေတစ်ပေခန့် ဖြတ်ကျော် စီးဆင်းလျက်ရှိသဖြင့် တံတားထိခိုက်မှုမရှိစေရေး မြို့နယ်စည်ပင်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က တံတားပေါ်တွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရန် စောင့်ကြည့်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အပြင် လုံးခင်းကျေးရွာအုပ်စု၊ လုံးခင်းကျေးရွာနှင့် (၄)ရပ်ကွက်တွင် ရေများ အမြင့်ရှစ်ပေ၊ (၃)ရပ်ကွက်တွင် အမြင့်ခြောက်ပေခန့်အထိ ဝင်ရောက်ခဲ့ပြီး လုံးခင်းဘေလီတံတားဟောင်းကြမ်းခင်းပေါ်တွင် အမြင့် ကိုးလက်မခန့်အထိ ဖြတ်ကျော်စီးဆင်းလျက်ရှိသဖြင့် တံတားထိခိုက်ပျက်စီးမှု မရှိစေရေး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးသည့်အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် တံတားပေါ်တွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး စောင့်ကြည့်စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လုံးခင်းကျေးရွာတွင် ရေဝင်ရောက်သည့် (၅)ရပ်ကွက်ရှိ အာစီဘုရားကျောင်းတွင် အိမ်ထောင်စုဝင်များအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်မှုဖြင့် ထမင်းထုပ် ၁၀၀၀ စာ၊ ထို့ပြင် ဖားကန့်မြို့ပေါ် ရပ်ကွက်အတွင်း ရေဝင်ရောက် နေအိမ်မိသားစုဝင်များအတွက် ထမင်းထုပ် ၁၂၅၀ စာချက်ပြုတ်ဝေငှပေးခဲ့သလို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များက ရေဝင်ရောက်သည့် အိမ်ခြေများအား သတိပေးနှိုးဆော်လျက်ရှိကာ ရေဘေးကြောင့် ပိုးမွှားအန္တရာယ်ဖြစ်ပေါ်လာပါက ကုသစောင့်ရှောက်ပေးနိုင်ရေးအတွက် ဖားကန့်ဆေးရုံနှင့် လုံးခင်းတိုက်နယ်ဆေးရုံတို့တွင် ဆေးဝါးများကို အသင့်စီမံထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ရေဝင်ရောက်သွားတဲ့ အိမ်ထောင်စုဝင်တွေကိုလည်း လတ်တလော စားသောက်ရေး အဆင်ပြေအောင် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဝိုင်းဝန်းပူးပေါင်းပြီး ထမင်းထုပ်တွေ လိုက်လံထောက်ပံ့ပေးနေပါတယ်။ မိုးက တစ်ညလုံးရွာတဲ့အတွက် အခုလို ရေကြီးသွားတာဖြစ်ပါတယ်။ ရွှေ့ပြောင်းရတဲ့အဆင့်ထိတော့မရှိပါဘူး။ အိမ်အောက်ထပ်ကနေ အပေါ်ထပ်ကို ရွှေ့ပြောင်းရုံလောက်ပါပဲ။ ရေဘေးသင့်သူတွေအတွက် လိုအပ်တာတွေကို ဆက်လက်ကူညီပေးသွားမှာပါ"ဟု ရတနာဆင်သီရိ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီမှ ကိုအောင်ကျော်မြင့်က ပြောသည်။

အဆိုပါ ချောင်းရေကြီးမှုကြောင့် လတ်တလောတွင် ထိခိုက်ပျက်စီးမှု၊ သေဆုံး၊ ဒဏ်ရာရမှုများ မရှိသေးကြောင်း သိရသည်။ သို့သော်လည်း ရေထပ်မံဝင်ရောက်လာပါက ကြိုတင်စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"အဓိက ကတော့ မိုးသည်းထန်ပြီး ဥရုချောင်းရေ မြင့်တက်လာရာကနေ ချောင်းဘေးအနိမ့်ပိုင်း ရပ်ကွက်တွေကို ရေဝင်ရောက်တာ ဖြစ်ပါတယ်။ လတ်တလောမှာ ရေဝင်ရောက်တဲ့ နေအိမ်တွေက အိမ်ထောင်စုဝင်တွေကို တခြားရေလွတ်တဲ့ နေရာတွေအထိ ပြောင်းရွှေ့ပေးရတဲ့အဆင့်တော့ မရှိသေးပါဘူး။ မိုးဆက်လက်ရွာသွန်းပြီး ရေထပ်မံမြင့်တက်လာမယ်ဆိုရင်တော့ ရေဝင်ရောက်တဲ့ နေအိမ်တွေက မိသားစုဝင်တွေကို မြို့မရပ်ကွက်မှာရှိတဲ့ မဏိဗေယျုံ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံနဲ့ လုံးခင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချထားပေးဖို့ ကျွန်တော်တို့ ကြိုတင်စီစဉ်ထားပါတယ်။ ရေဝင်ရောက်ပေမယ့်လည်း ရွှေ့ပြောင်းပြီး ကယ်ဆယ်ရေးစခန်းဖွင့်ရတဲ့ အဆင့်ထိတော့ မရှိသေးဘူး။ ကျွန်တော်တို့ ဖားကန့်မှာ ခါတိုင်းနှစ်တွေကလည်း ရေဝင်တဲ့ အနေအထားလေးတွေ ရှိတဲ့အတွက် ဒီလိုအခြေအနေကတော့ ဖြစ်နေကျလို့ ပြောလို့ရပါတယ်"ဟု ဦးကျော်စွာအောင်က ဆက်လက်ပြောသည်။

အဆိုပါရေဝင်ရောက်သည့် နေရာများသို့ နယ်မြေခံမှ တပ်မမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး သွားရေးလာရေး အဆင်ပြေစေရန်၊ လမ်းပိတ်ဆို့မှုများ မဖြစ်ပွားစေရန်နှင့် တခြားနေထိုင်စားရေး၊ သောက်ရေးမှအစ ရေပြန်ကျသွားချိန်တို့တွင် ပြည်သူများ၏ ကျန်းမာရေးနှင့် သက်ဆိုင်သည့်ကိစ္စများ စသည့် လိုအပ်သည်များကို စီမံပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

# အဖေများနေ့ဂုဏ်ပြု မစ္စတာနှင့် မစ္စပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၈**

ဇွန် ၁၈ ရက်တွင် ကျရောက်သော အဖေများနေ့ကို ဂုဏ်ပြုသောအားဖြင့် မစ္စတာနှင့် မစ္စပြိုင်ပွဲကို ကိုးမိုင်ဂိုကက် ဆယ်ဘယ်လာဟိုတယ်၌ ကျင်းပရာ ဆုရရှိသူများ ဆုအသီးသီးဆွတ်ခူးသွားခဲ့သည်။




အဆိုပါပြိုင်ပွဲတွင် မစ္စတာဆုကို မောင်ဒွန်မင်းခက လည်းကောင်း၊ မစ္စဆုကို မဖြူစင်ရှင်းသန့်ကလည်းကောင်း ဆုများအသီးသီးဆွတ်ခူးသွားကြသည်။

"ဒီကနေ့ပြိုင်ပွဲကတော့ သားသမီးတွေအနေနဲ့ ကိုယ့်ရဲ့ဖခင်ဖြစ်တဲ့ အဖေကို တလေးတစား အသိအမှတ်ပြုလိုတဲ့အတွက် ကျင်းပရတာဖြစ်ပါတယ်"ဟု OSIM မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မာလာက ပြောသည်။

အဆိုပါအခမ်းအနားတွင် မစ္စတာပေါ်ပြူလာနှင့် မစ္စပေါ်ပြူလာဆုများကိုလည်း ချီးမြှင့်ပေးအပ်ရာ မစ္စတာပေါ်ပြူလာဆုကို စည်သူဖြိုးကလည်းကောင်း၊ မစ္စပေါ်ပြူလာဆုကို လှိုင်းနဒီကလည်းကောင်း ဆုများဆွတ်ခူးရရှိသွားသည်။

ယင်းမစ္စတာနှင့် မစ္စပြိုင်ပွဲဝင်များကို လွန်ခဲ့သော ခြောက်လမှစပြီး အွန်လိုင်းမှတစ်ဆင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထား သူပြိုင်ပွဲဝင်သူ ၂၀၀ ကျော်ရှိခဲ့ကြောင်း၊ ၎င်းတို့အနက် ယနေ့အဖေများနေ့တွင် ဂုဏ်ပြုသောအားဖြင့် မစ္စတာနှင့်မစ္စတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မစ္စတာနှင့် မစ္စတို့အား ရွေးချယ်ရာတွင် အဓိကအားဖြင့် OSIM က ကူညီပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

**ဂန့်ဂေါ ဇွန် ၁၈**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၇ ရက်က ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ မူလတန်းဆင့်ပြိုင်ပွဲတွင် ခုနစ်ဦး၊ အလယ်တန်းဆင့်ပြိုင်ပွဲတွင် ၄၀ ပါဝင်ယှဉ်ပြိုင်ကြ၍ မူလတန်းဆင့်ပြိုင်ပွဲတွင် အထက(၁) စတုတ္ထတန်းမှ မလင်းလက်ကြယ်စင်က ပထမ၊ အထက(၂) စတုတ္ထတန်းမှ မဆွေဇင်စိုးက ဒုတိယ၊ ကျောတိုက် အလက(ခွဲ) စတုတ္ထတန်း မှ မရွှန်းလဲ့လဲ့ခိုင်က တတိယဆုများ ရရှိကြ၍ အလယ်တန်းဆင့် ပြိုင်ပွဲတွင် အထက(၁) အဋ္ဌမတန်းမှ မအိမွန်က ပထမ၊ မြောက်ကုန်း အလက သတ္တမတန်းမှ မမေသူဟန်က ဒုတိယ၊ မြောက်ကုန်း အလက အဋ္ဌမတန်းမှ မဖရေစီလာသင်ရွှေလျှန်က တတိယဆုများရရှိကြပြီး ဆုများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက ချီးမြှင့်သည်။ **(၁၀၁)**

# တက္ကသိုလ်ဝင်စာမေးပွဲ ကချင်ပြည်နယ် အဆင့်(၁၃)ရပ်တည်

**မြစ်ကြီးနား ဇွန် ၁၈**

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် ဇွန် ၁၇ ရက် နံနက်ပိုင်းက ထုတ်ပြန်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ကချင်ပြည်နယ်သည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အဆင့်(၁၃)တွင်သာရှိခဲ့ကြောင်း ကချင်ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးက သိရသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို ကချင်ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် စာစစ်ဌာန ၄၀ တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၀၆၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၉၂၀၇ ဦး အောင်မြင်ခဲ့ကာ ၃၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။ စာမေးပွဲ၌ မြစ်ကြီးနားမြို့နယ်အတွင်း ခြောက်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးရှိကာ ပြည်နယ်တစ်ခုလုံးအတိုင်းအတာအနေဖြင့် စုစုပေါင်း ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၅၂ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၀ ၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၆၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၂၄ ဦးတို့ရှိရာ ခေါင်လန်ဖူးမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုသူရှိသော်လည်း အောင်မြင်သူမရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# မြန်မာနိုင်ငံက အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် သူတို့ရဲ့ပြဿနာတွေကို သူတို့ကိုယ်တိုင်ဖြေရှင်းဖို့ အခွင့်အလမ်းတစ်ရပ် ပေးရမှာဖြစ်

## (မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း)

**ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး**

**ဇွန်လ ၁၈ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင်ပါရှိသည့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး Mr. Ito Sumardi နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာ့အကြီးမားဆုံး ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့အပြင် ကမ္ဘာ့စတုတ္ထ လူဦးရေအထူထပ်ဆုံးနိုင်ငံလည်းဖြစ်တယ်လို့ သိရပါတယ်။ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ခိုင်မာတဲ့ သံတမန်ဆက်ဆံရေးရှိခဲ့တာကို တွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်စဖြစ်ကတည်းက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ထောက်ခံအားပေးခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် အဆွေတော်ရဲ့အမြင်ကို မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။ မြန်မာအစိုးရဟာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံကနေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အစွမ်းကုန်ဆောင်ရွက်တာကို တွေ့ရပါတယ်။ ဒါဟာ အလွန်တရာမှအပြုသဘောဆောင်တဲ့ ကြိုးပမ်းမှုတစ်ရပ်ဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်။

သို့သော်လည်း အယူအဆအမျိုးမျိုးနဲ့ မျှော်လင့်ချက်အမျိုးမျိုးရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေရတာဟာ လွယ်ကူတဲ့ လုပ်ငန်းစဉ်တစ်ရပ်မဟုတ်ဘူးဆိုတာ နားလည်သဘောပေါက်ပါတယ်။ ဒါကြောင့် အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အခုအချိန်ထိ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီပံ့ပိုးဖို့ ရပ်တည်အားပေးနေဆဲပဲဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ ပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ပြီးကတည်းက ဒီမိုကရေစီနိုင်ငံဖော်ဆောင်ရေးနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ငြိမ်းချမ်းစွာ အကောင်အထည်ဖော်ဆောင်ရေးမှာ အတွေ့အကြုံတွေရှိပြီးသားဖြစ်ပါတယ်။

ဒါကြောင့် ဒီအတွေ့အကြုံတွေ၊ အသိပညာတွေကို မြန်မာအစိုးရနဲ့မျှဝေဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်။ မြန်မာအစိုးရဟာ ပြည်တွင်းမှာရင်ဆိုင်ရတဲ့ အဆိုပါပြဿနာတွေကို ဖြေရှင်းနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။

**မေး။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံနဲ့ပတ်သက်ပြီး ယုံကြည်မှုတည်ဆောက်ရေးကနေ ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုအပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာအစိုးရအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကနေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ရေးကို အကောင်းဆုံးလုပ်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ သိပြီးသားဖြစ်ကြတဲ့အတိုင်း မြန်မာပြည်သူတိုင်းဟာ နိုင်ငံတော်နဲ့အတူ တစ်စိတ်တစ်ဝမ်းတည်း နေလိုကြတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးတင်ပြချက်တွေကို တိုင်းရင်းသားအုပ်စုတွေအားလုံးက လက်ခံလာမှာမို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကနေ အစိုးရအနေနဲ့ မကြာမီအဖြေရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**မေး။ ။အာဆီယံငြိမ်းချမ်းရေးနဲ့ ပြန်လည်ရင်ကြားစေ့ရေးဌာနနဲ့ပတ်သက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အင်ဒိုနီးရှားနိုင်ငံရဲ့ အတွေ့အကြုံတွေကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။ အဲ့ဒါနဲ့ပတ်သက်ပြီးပြောရရင် နှစ်ပေါင်းများစွာကတည်းက အင်ဒိုနီးရှားအစိုးရဟာ အရင်နိုင်ငံခြားရေးဝန်ကြီး ဟာက်ဆန်ဝီရာဂျူတာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဘာလီအခြေစိုက်တဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဌာနကနေတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းကို တည်ဆောက်ခဲ့ပါတယ်။ အဲ့ဒီဌာနကပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံကို နောက်ထပ်တစ်ကြိမ် လာရောက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်တဲ့ သူတို့ရဲ့အတွေ့အကြုံတွေကို မျှဝေလိမ့်မယ်လို့ ထင်ပါတယ်။ ဒါ့အပြင် အဲဒီငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဌာနဟာ အခြားနိုင်ငံအချို့က လှူဒါန်းတဲ့ ငွေကြေးထောက်ပံ့မှုတွေ ရခဲ့တာမို့ မြန်မာနိုင်ငံအနေနဲ့ အဲ့ဒီဌာနကနေတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ချောမောစွာအကောင်အထည်ဖော်နိုင်အောင် လုပ်ဆောင်နိုင်တဲ့ အားသာချက်အချို့ကို ရရှိနိုင်မယ်လို့ ထင်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကိုပြိုင်တူအကောင်အထည်ဖော်နေတဲ့ အချိန်ဖြစ်လို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ အင်ဒိုနီးရှားက မြန်မာနဲ့အတူ ဘယ်လိုပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်မလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အင်ဒိုနီးရှားနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ရှေးယခင်ကတည်းက စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်မှာ အပြန်အလှန်ဆက်ဆံမှုတွေ ရှိခဲ့ပါတယ်။ အစိုးရသစ် နိုင်ငံတော်တာဝန်ယူခဲ့တဲ့အချိန်ကစပြီး အစိုးရသစ်ရဲ့ ပွင့်လင်းမြင်သာတဲ့ မူဝါဒတွေ ချမှတ်ကျင့်သုံးလာခဲ့တဲ့အတွက် အင်ဒိုနီးရှားက ရင်းနှီးမြှုပ်နှံသူတွေ ပိုပြီးစိတ်ဝင်စားလာကြတယ်လို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံမှာ ထုတ်ယူမသုံးစွဲရသေးတဲ့ သဘာဝအရင်းအမြစ်တွေများစွာရှိနေတာကိုလည်း သိပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ကျွန်တော့်အနေနဲ့ မြန်မာနဲ့ အင်ဒိုနီးရှားနိုင်ငံအကြား ဆက်ဆံရေးမြှင့်တင်မယ့် ရည်မှန်းချက်တွေ၊ လုပ်ငန်းတွေ ရှိနေပါတယ်။ အင်ဒိုနီးရှားက ရင်းနှီးမြှုပ်နှံသူတွေ၊ လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဖို့ကြိုးစားပါတယ်။ သို့သော်လည်း အဲ့ဒီလုပ်ငန်းရှင်တွေဟာ မြန်မာနိုင်ငံက ပါမစ်တွေ လွယ်လွယ်ကူကူရရှိရေးနဲ့ အာမခံချက်တွေ၊ လုံခြုံမှုတွေရရှိဖို့ တိုးတက်ပြောင်းလဲတဲ့ နိုင်ငံရေးကို စောင့်မျှော်နေကြဆဲပါပဲ။

အရင်က အင်ဒိုနီးရှားလို ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံအနေနဲ့ နိုင်ငံသစ်တစ်နိုင်ငံရဲ့ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနေရတာဖြစ်ပါတယ်။ အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာပေါ့။ ဒါကြောင့်မို့ အင်ဒိုနီးရှားရဲ့ စီးပွားရေးနဲ့ သံတမန်ရေးဟာ အခုအချိန်ထိပြောင်းလဲမှုမရှိသေးပါဘူး။ သို့သော်လည်း မကြာတော့တဲ့ကာလမှာ မြန်မာနိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းမြှင့်တင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။



မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး
Mr. Ito Sumardi

**မေး။ ။ အင်ဒိုနီးရှားနိုင်ငံမှာ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေ များစွာအလုပ်လုပ်နေပါတယ်။ ဒါဟာ စီးပွားရေးဆက်ဆံရေးမှာ ထူးခြားတဲ့အချက်ဖြစ်မယ်လို့ ထင်ပါတယ်။ ဒါ့ကြောင့် အဲဒါနဲ့ပတ်သက်တဲ့ အလားအလာတွေ အပေါ် အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်တွေ ပေါ်များတဲ့အတွက် အင်ဒိုနီးရှားလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ စက်ရုံ၊ အလုပ်ရုံတွေ ထူထောင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ကြိုးပမ်းနေကြပါတယ်။ ရည်ရွယ်ချက်ကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပါမယ်။ ဒါ့အပြင် မြန်မာအလုပ်သမားအများစုအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေမယ့် သင်တန်းကျောင်းတွေ တည်ဆောက်ဖို့အစီအစဉ်ရှိပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်က မတူညီတဲ့လူမျိုးစုပဋိပက္ခတွေလို မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးမှာ အင်ဒိုနီးရှားနိုင်ငံရဲ့ရပ်တည်ချက်ကို အသိအမှတ်ပြုပါတယ်။ အာဆီယံအဖွဲ့ကြီးက ဩဂုတ်လအတွင်းမှာ နှစ် ၅၀ ပြည့်အခမ်းအနားကို ကျင်းပမှာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံဒေသတွင်း စည်းလုံးညီညွတ်ရေးအတွက် လူကြီးမင်းရဲ့ရည်မှန်းချက်က ဘာဖြစ်မလဲ။**

ဖြေ ။ ။ အင်ဒိုနီးရှား၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတို့မှာ မြန်မာနိုင်ငံလို တူညီတဲ့ပြဿနာတွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အားလုံး ဒီလိုပြဿနာကို အားလုံး ရင်ဆိုင်နေရတယ်ဆိုတာ သဘောပေါက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ နိုင်ငံတွေဖြစ်ပြီး ဒီနိုင်ငံမှာ သုံးနှစ်ခွဲကြာ တာဝန်ထမ်းဆောင်ပြီးနောက် မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ကျွန်တော် ကောင်းကောင်းသိလာပါပြီ။ ဒါကြောင့်ရခိုင်ပြည်နယ်က အခြေအနေနဲ့ပတ်သက်လို့ ကျွန်တော်သိပါတယ်။

**မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်တွေ ပေါ်များတဲ့အတွက် အင်ဒိုနီးရှားလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ စက်ရုံ၊ အလုပ်ရုံတွေ ထူထောင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ ကြိုးပမ်းနေကြပါတယ်။ ရည်ရွယ်ချက်ကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပါမယ်။ ဒါ့အပြင် မြန်မာအလုပ်သမားအများစုအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေမယ့် သင်တန်းကျောင်းတွေ တည်ဆောက်ဖို့အစီအစဉ်ရှိ**

ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံပြင်ပကို ပျံ့နှံ့နေတဲ့ သတင်းအချို့က မှန်ချင်မှမှန်မယ်ဆိုတာ ရဲတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ကျွန်တော့်ရဲ့အတွေ့အကြုံက ကျွန်တော့်ကို ပြောပြနေပါတယ်။ လွတ်လပ်တဲ့နည်းလမ်းနဲ့ စုံစမ်းဖို့အခွင့်အလမ်းတွေ မပေးသေးတဲ့အကြောင်းရင်းကို ကျွန်တော်တို့ နားလည်ရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့နိုင်ငံဖြစ်တဲ့အတွက် သူတို့ရဲ့ ပြဿနာတွေကို သူတို့ကိုယ်တိုင်ဖြေရှင်းဖို့ ကျွန်တော်တို့ မြန်မာအစိုးရကို အခွင့်အလမ်းတစ်ရပ် ပေးရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပြဿနာတွေကိုဖြေရှင်းဖို့ အကောင်းဆုံး ကြိုးပမ်းအားထုတ်ပြီး လူ့အခွင့်အရေးကို အလေးထားမယ်ဆိုရင် ကမ္ဘာ့နိုင်ငံအားလုံးက မြန်မာနိုင်ငံကို ထောက်ခံပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ရေးအရပြောရရင် ကျွန်တော်တို့ အာရှတိုင်းပြည်တွေက မြန်မာနိုင်ငံကို ထောက်ခံပြီး မြန်မာနိုင်ငံရဲ့နောက်မှာ ရပ်တည်ရမှာဖြစ်ပါတယ်။

**မေး ။ ။မြန်မာနိုင်ငံမှာရှိတဲ့ အင်ဒိုနီးရှားသံရုံးရဲ့ လုပ်ဆောင်ချက်အချို့ကို ပြောပြပေးနိုင်မလား။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ ကျွန်တော့်ကို တာဝန်ခန့်အပ်ကတည်းက ကျွန်တော့်ရဲ့ ပထမဆုံးခြေလှမ်းက မြန်မာ့ယဉ်ကျေးမှုနဲ့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးလိုမျိုး သံတမန်ဆိုင်ရာ နယ်ပယ်တွေကို လေ့လာသင်ယူဖို့ဖြစ်ပါတယ်။ ဒါဟာ အလွန်ကိုစိတ်ဝင်စားစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ အလွန်တူညီတဲ့ ယဉ်ကျေးမှုတွေရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အရင် သံအမတ်တာဝန်ထမ်းဆောင်ခဲ့သူက ဘာတွေလုပ်ဆောင်ခဲ့ပြီးပြီလဲဆိုတာ ကျွန်တော်ကြိုးစားချင့်ချိန်ပါတယ်။

နောက်ပြီး မြန်မာနိုင်ငံမှာ ကျွန်တော်တို့တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ကျွန်တော်တို့မစ်ရှင်ကို အကျိုးဖြစ်မြောက်အောင် ကျွန်တော်ကြိုးစားပါတယ်။ စီးပွားရေးနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ အများကြီး လုပ်ဆောင်ပြီးပါပြီ။ အင်ဒိုနီးရှားနိုင်ငံက ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်ကြီးတွေကို မြန်မာနိုင်ငံကိုလာရောက်ဖို့ ကျွန်တော်ဖိတ်ခေါ်ခဲ့ပြီး သူတို့တွေထဲကအချို့က မြန်မာနိုင်ငံမှာ ကောင်းမွန်တဲ့စီမံကိန်းတွေ၊ ဥပမာ ကြက်မွေးမြူရေးခြံ (Japfa Comfeed) လိုမျိုးလုပ်ငန်းတွေ တည်ထောင်ခဲ့ပါတယ်။ ဆန်နဲ့ ပြောင်းဖူးလိုမျိုး စိုက်ပျိုးရေးဆိုင်ရာကုန်သွယ်မှုတွေ ဆောင်ရွက်ဖို့ အစီအစဉ်တွေလည်း ကျွန်တော်တို့မှာရှိပါတယ်။

အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ အကြီးမားဆုံး ဆောက်လုပ်ရေးကုမ္ပဏီတွေထဲက တစ်ခုဖြစ်တဲ့ Wijaya Karya (Wika) က စီမံကိန်းတွေ ဆောင်ရွက်ဖို့ မြန်မာနိုင်ငံက ကုမ္ပဏီအချို့နဲ့ မိတ်ဖက်လုပ်ငန်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကျန်းမာရေးနယ်ပယ်မှာ အကြီးမားဆုံးပုဂ္ဂလိက ကုမ္ပဏီတွေထဲက တစ်ခုဖြစ်တဲ့ Lippo Group ကို ကျွန်တော်တို့ အောင်မြင်စွာ ဖိတ်ခေါ်နိုင်ခဲ့ပြီး သူတို့ ပန်းလှိုင်အုပ်စုနဲ့ လုပ်ငန်းဆောင်ရွက်မှု စတင်ခဲ့ပြီးဖြစ်ပါတယ်။ ပန်းလှိုင်နဲ့ Siloam တို့မှာ ခေတ်မီဆေးရုံနဲ့ ဆေးခန်းတွေရှိပါတယ်။ သူတို့ မြန်မာနိုင်ငံမှာ နောက်ထပ်ဆေးရုံ ၁၃ ရုံ တည်ထောင်ဖို့ အစီအစဉ်တွေရှိပါတယ်။

ကျန်းမာရေးကဏ္ဍမှာ ကျွန်တော်တို့ရဲ့ သမ္မတကြီးက လှူဒါန်းဖို့ သဘောတူညီထားတဲ့အတွက် ရခိုင်ပြည်နယ်မှာ ပဋိပက္ခဖြစ်ပွားချိန်ကာလအတွင်း အင်ဒိုနီးရှားအစိုးရရဲ့ကတိကဝတ်အဖြစ် မြောက်ဦးမှာ ဆေးရုံတစ်ရုံ ကျွန်တော်တို့ လှူဒါန်းခဲ့ပါတယ်။ ကျွန်တော် အလွန်ပဲပျော်ရွှင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရခိုင်ပြည်နယ်အစိုးရက ကျွန်တော်တို့ လုပ်ဆောင်ခဲ့သမျှကို ကူညီပေးလို့ဖြစ်ပါတယ်။ ဒါပေမယ့် ကံမကောင်းစွာပဲ မိုးရာသီဖြစ်နေဆဲမို့ စီမံကိန်းက အလွန်ပဲနှောင့်နှေးကြန့်ကြာနေပါတယ်။

မြန်မာနိုင်ငံက ဆေးဘက်နဲ့ဆေးဘက်ဆိုင်ရာ အကူတွေကို လေ့ကျင့်ပေးဖို့ အစီအစဉ်တွေ ကျွန်တော်တို့မှာ ရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ဆေးရုံကြီးတွေထဲက အချို့က

*စာမျက်နှာ ၇ သို့*




တပ်မတော်လေယာဉ် Y-8 မတော်တဆဖြစ်စဉ်တွင် ကွယ်လွန်သွားကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များအတွက် တာချီလိတ်မြို့သူ မြို့သားများမှ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၆၃ သိန်းအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးထံ မြို့သူ မြို့သားများ၏ကိုယ်စား CNCMC ကော်မတီဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် တာဝန်ရှိသူများက ဇွန် ၁၈ ရက်က ပေးအပ်လှူဒါန်းစဉ် မောင်ယဉ်ကျေး

# တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မိတ္ထီလာခရိုင်တွင် မလှိုင်မြို့သည် အမြင့်ဆုံးဖြစ်

**မလှိုင် ဇွန် ၁၈**

၂၀၁၆ - ၂၀၁၇ တက္ကသိုလ်ဝင်တန်း အောင်စာရင်းများ ဇွန် ၁၇ ရက်က ထုတ်ပြန်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးတွင် ၄၀ ဒသမ ၂၂ ရာခိုင်နှုန်းဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းဟူ၍ လေးမြို့နယ်ရှိရာ မိတ္ထီလာမြို့တွင် ၄၂ ဒသမ ၁၆၊ မလှိုင်မြို့က ၅၆ ဒသမ ၆၆၊ သာစည်မြို့က ၃၆ ဒသမ ဝ၈၊ ဝမ်းတွင်းမြို့က ၄၆ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အသီးသီးရပ်တည်ခဲ့သည်။

၂၀၁၇ တက္ကသိုလ်ဝင်အောင်မြင်မှု စာရင်းအရ မိတ္ထီလာခရိုင်တွင် မလှိုင်မြို့သည် လေးမြို့နယ်တွင် အမြင့်ဆုံးရပ်တည်နိုင်ခဲ့ကြောင်း မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါက်တာဦးကျော်လွင်ထံမှ သိရသည်။

**ဘိုဘို( မလှိုင် )**

# ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မွန်ပြည်နယ်က အောင်ချက်အများဆုံးဖြင့် ပထမရရှိ

**မော်လမြိုင် ဇွန် ၁၈**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခဲ့ကြရာတွင် မွန်ပြည်နယ်မှကျောင်းသား ၈၅၀၇ ဦး ကျောင်းသူ ၁၄၁၁၁ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၂၆၁၈ ဖြေဆိုခဲ့ရာတွင် ကျောင်းသား ၃၃၄၇ ဦး၊ ကျောင်းသူ ၅၉၅၄ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၉၃၀၁ ဦး အောင်မြင်၍ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၃၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၂ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၂၆၁၉ ဦးဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် အောင်ချက်အကောင်းဆုံးဖြင့် မွန်ပြည်နယ်က ပထမရရှိခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်က ဆက်တိုက်ပထမရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးမှ ပထမရရှိခဲ့သည့်အတွက် ကြားတွင် တစ်နှစ်မရခဲ့ကြောင်း၊ ခုနှစ်နှစ်ဆက်တိုက်ရမည်ကို ကြားက ဧရာဝတီတိုင်းဒေသကြီးက ရသွားခဲ့သဖြင့် ခုနှစ်နှစ်ဆက်တိုက် ပထမနှင့် လွဲချော်ခဲ့ရကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **တင်ထွန်း(မော်လမြိုင်)**

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၈**

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **(မိုး/ဇလ)**

# မူဆယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထုတ်ပြန်

**မူဆယ် ဇွန် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်း ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ဇွန် ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ မူဆယ်မြို့နယ်တွင် (အတွင်း /အပြင်) ဖြေဆိုသူစုစုပေါင်း ၁၁၂၉ ဦး ဖြေဆိုခဲ့ပြီး အောင်မြင်သူ ၄၉၆ ဦးဖြင့် အောင်ချက်ရာခိုင်နှုန်း ၄၃ ဒသမ ၉၃၊ နမ့်ခမ်းမြို့နယ်တွင် (အတွင်း/အပြင်) ဖြေဆိုသူစုစုပေါင်း ၁၀၀၅ ဦးရှိပြီး အောင်မြင်သူ ၃၁၄ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၃၁ ဒသမ ၂၄ နှင့် ကွတ်ခိုင်မြို့နယ်တွင် (အတွင်း/အပြင်) ဖြေဆိုသူစုစုပေါင်း ၁၄၄၇ ဦး၊ အောင်မြင်သူစုစုပေါင်း ၅၁၅ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၃၅ ဒသမ ၅၉ ဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ ၂၀၁၇ ကျင်းပမည်

**မန္တလေး ဇွန် ၁၈**

မြန်မာကျောင်းသား လူငယ်များ ပညာရေးလမ်းကြောင်း မှန်ကန်စွာ ရွေးချယ်နိုင်စေရန်နှင့် အလုပ်အကိုင် လိုအပ်သူများအတွက် အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်ကာ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ၏ ပံ့ပိုးကူညီမှုဖြင့် ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ ‘ Education & Career ၂၀၁၇ ’ ပြပွဲကို မန္တလေးမြို့ မြို့တော်ခန်းမတွင် ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့် ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှု သင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးအတိုင်ပင်ခံ သင်တန်းကျောင်းများ၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စာအုပ်စာပေများ၊ စာရေးကိရိယာ အမျိုးမျိုးတို့ကို အများပြည်သူမှ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပညာရေးကဏ္ဍ ပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ကာ အလုပ်အကိုင် ရှာဖွေနေသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာ အလုပ်ရှာဖွေရေး ပြခန်းများလည်း ပါဝင်မည်ဖြစ်သည်။

အထူးသဖြင့် Pre School မှသည် ရာနှုန်းပြည့် Scholarships ပေးမည့် အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်သည့် အခွင့်အလမ်းအပြင် ဥရောပသမဂ္ဂမှ ပေးအပ်မည့် Erasmus Mundus ဘွဲ့လွန်ပညာသင်ဆု ပြခန်းပါဝင် ပြသမည်ဖြစ်သည်။

ယင်းအပြင် ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ABE(UK) မှ Mr. Suren က UK Education in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဦးသိန်းမြင့်ဝေ (Ministry of Commerce Trade Training Instituter) မှ Education & Career ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသွားမည်ဖြစ်ပြီး နေ့စဉ်မိုဘိုင်းဖုန်းနှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ကံစမ်းမဲဖွင့်လှစ်သွားမည်ဖြစ်ရာ အခမဲ့လာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **ခင်မောင်သော်**

# မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ခရိုင်၊ မြို့နယ်တရားသူကြီးများ လုပ်ငန်းညှိနှိုင်း

**မန္တလေး ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တစ်နှစ်အထက် အချုပ်တရားခံပါ ရာဇဝတ်မှုများ၊ နှစ်နှစ်အထက်ခံဝန်ပေးထားသော ရာဇဝတ်မှုများ၊ သုံးနှစ်အထက်ကြန့်ကြာနေသောတရားမမှုများ အမြန်ပြီးပြတ်ရေးကိစ္စ၊ တရားရုံးများ၏ လုံခြုံရေးကိစ္စ၊ အများပြည်သူနှင့် ဆက်ဆံရာတွင် တရားရုံးများမှ လိုက်နာဆောင်ရွက်ရန်ကိစ္စ၊ တရားခွင်စည်းကမ်းလိုက်နာရန်ကိစ္စ၊ ပြစ်မှုနှင့်လျော်ညီသော ပြစ်ဒဏ်ချမှတ်ရန်ကိစ္စ၊ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသော ရာဇဝတ်မှုများတွင် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်စိုးနှင့် တက်ရောက်လာကြသော ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများက တရားစီရင်ရေးကိစ္စ၊ တရားရုံးစီမံခန့် ခွဲရေးကိစ္စများနှင့်စပ်လျဉ်း၍ မိမိတို့ခရိုင်အလိုက် တင်ပြကြသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၅၃ ဦး တက်ရောက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ ၆ မှ*

မြန်မာဆေးဘက်အကူတွေကို လက်ခံလေ့ကျင့်ပေးဖို့ သဘောတူခဲ့ပြီးဖြစ်ပါတယ်။ တစ်နေ့ တိုင်းပြည်ကို သူတို့ပြန်လာတဲ့အချိန်မှာ သင်တန်းဆရာတွေကို လေ့ကျင့်ပေးသလို အခြားဆေးဘက်အကူတွေကို လေ့ကျင့်ပေးနိုင်ပါလိမ့်မယ်။

ပညာရေးနယ်ပယ်မှာ ၁၉၆၈ ခုနှစ်ကတည်းက ကျွန်တော်တို့ ရန်ကုန်မှာ အင်ဒိုနီးရှား နိုင်ငံတကာကျောင်းတစ်ကျောင်းကို အဲဒီအချိန်က ဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တဲ့ အင်ဒိုနီးရှားလူမျိုးတွေအတွက် တည်ထောင်ခဲ့ပေမယ့် ၂၀၀၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသားတွေကို ကျွန်တော်တို့ စတင် လက်ခံခဲ့ပါတယ်။ အခု အဲဒီကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ ၆၀၀ နီးပါးရှိပြီး ၉၀ ရာခိုင်နှုန်းက မြန်မာကျောင်းသား၊ ကျောင်းသူတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ သင်ရိုးညွှန်းတမ်းသုံးခုဖြစ်တဲ့ အင်ဒိုနီးရှား သင်ရိုးညွှန်းတမ်း၊ မြန်မာသင်ရိုးညွှန်းတမ်းနဲ့ ကိန်းဘရစ် သင်ရိုးညွှန်းတမ်းကို အသုံးပြုပြီး ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ နေ့စဉ် အင်္ဂလိပ်လို ပြောဆိုကြရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မျှော်လင့်သလို အရည်အသွေးမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ဖို့ မြန်မာနိုင်ငံရဲ့ ပညာရေးအစီအစဉ်ကို ကြိုးစား ပံ့ပိုးခြင်းဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှ နာမည်ကျော် တက္ကသိုလ်အချို့ကို ကျွန်တော်တို့ ကြိုးစားဆက်သွယ်ပြီး တက္ကသိုလ်နှစ်ခုက မြန်မာနိုင်ငံမှာ e-learning ကြိုးစားစီစဉ်ဖို့ သဘောတူညီခဲ့ပါတယ်။

**မေး။** **။နိုင်ငံတကာကျောင်းက ဆရာ၊ ဆရာမတွေက အင်ဒိုနီးရှားနိုင်ငံကလားဆိုတာ သိလိုပါတယ်။**

ဖြေ။ ။ဆရာ၊ ဆရာမအများစုက မြန်မာနိုင်ငံကဖြစ်ပြီး အင်ဒိုနီးရှားနဲ့ ဖလှယ်ရေးအစီအစဉ်တွေကနေ ဘွဲ့ရရှိခဲ့သူတွေဖြစ်ပါတယ်။ သူတို့ အင်ဒိုနီးရှားနိုင်ငံက တက္ကသိုလ်တက်ရောက်ပြီးဆုံးလို့ မြန်မာနိုင်ငံကို ပြန်လာတဲ့အခါ နိုင်ငံတကာကျောင်းမှာ အလုပ်လုပ်ဖို့ သူတို့ကို ကျွန်တော်တို့ ငှားရမ်းပါတယ်။ အခု အဲဒီကျောင်းမှာ သင်ကြားနေတဲ့ မြန်မာဆရာ၊ ဆရာမ ၆၀ ရာခိုင်နှုန်းနီးပါးရှိပါတယ်။

တခြားနိုင်ငံတကာကျောင်းတွေနဲ့ မတူတာကတော့ အဲဒီကျောင်းရဲ့ ၅၀ ရာခိုင်နှုန်းကို အင်ဒိုနီးရှားအစိုးရက ထောက်ပံ့ကြေးပေးထားပါတယ်။ ပညာရေးဥပဒေသစ်ကြောင့် ရန်ကုန်နိုင်ငံတကာကျောင်း (ISY) အတွက် မြန်မာနိုင်ငံက မကြာမီ ဒီလိုထောက်ပံ့မှုမျိုး ပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မေး ။** **။အခြားယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်တွေ ရှိပါသလား။**

ဖြေ ။ ။ရှိပါတယ်။ ကျွန်တော်တို့ ပူးတွဲယဉ်ကျေးမှု အစီအစဉ်လည်းရှိပါတယ်။ နှစ်စဉ် ကျွန် တော်တို့ ဒီမှာလာဖျော်ဖြေသလို ဒီကအနုပညာအဖွဲ့နဲ့အတူ လက်တွဲဆောင်ရွက်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သွားရောက်လေ့လာဖို့အတွက် မြန်မာတက္ကသိုလ်ကျောင်းသားအချို့ကို လက်ခံဖို့ ကျွန်တော်တို့ အခွင့်အလမ်းပေးထားပါတယ်။ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ခရစ်ယာန်ဘာသာအသိုင်းအဝိုင်းတွေက ဘာသာရေးခေါင်းဆောင်သုံးဦး တက်ရောက်မယ့် ဘာသာပေါင်းစုံဆွေးနွေးပွဲတစ်ရပ်ကို ဂျကာတာမြို့တော်မှာ ကျင်းပဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်။ မြန်မာနိုင်ငံမှာ ပျံ့နှံ့သွားတဲ့ အရာတစ်ခုရှိတယ်လို့ ကျွန်တော်ခံစားနေရပါတယ်။ အဲဒါကတော့ ခွဲခြားဆက်ဆံမှုပါပဲ။

အင်ဒိုနီးရှားနိုင်ငံမှာ လူမှုမီဒီယာတွေကြောင့် အဲဒီပြဿနာတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ဝန်ကြီးက ခွဲခြားဆက်ဆံမှုရှိတယ်ဆိုတာ မမှန်ပါဘူးလို့ ကျွန်တော်တို့ပြည်သူတွေကို ရှင်းပြဖို့ ကြိုးစားပါတယ်။ ကောလာဟလတွေက မမှန်ဘူးဆိုတာ ပြည်သူတွေကိုရှင်းပြဖို့က တစ်ခါတစ်ရံ မလွယ်ကူပါဘူး။ တစ်ခါတစ်ရံ အင်ဒိုနီးရှားနိုင်ငံက ဧည့်သည်တွေ မြန်မာနိုင်ငံကို လာလည်တဲ့အခါ ဘုရား၊ ဗလီနဲ့ ခရစ်ယာန်ဘုရားကျောင်းကိုအတူ မြင်တွေ့နိုင်ပြီး မြန်မာပြည်သူတွေဟာ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိတယ်ဆိုတာ သိရှိနိုင်ဖို့ ကျွန်တော် သူတို့ကို ဆူးလေဘုရားကို ပို့ဆောင်ပေးပါတယ်။ ဒီမိုကရေစီတိုင်းပြည်တစ်ခုဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ တစ်ခုခုဖြစ်ရင် ရဲတပ်ဖွဲ့ကို ဦးဆောင်ဖြေရှင်းစေပြီး တပ်မတော်က ပံ့ပိုးပေးပါတယ်။ ဒါကြောင့် မောင်တောကို သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း ကျွန်တော်ရိုက်ကူးခဲ့တဲ့ ဓာတ်ပုံအချို့ကို ပဋိပက္ခဖြစ်ပွားရာနယ်မြေတွေဆီ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ လုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များ ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ရခိုင်ပြည်နယ်ဘေးသင့်ဒေသများအား ကွင်းဆင်းစစ်ဆေး



ဘူးသီးတောင်မြို့နယ် အင်းဖောက်ကျေးရွာရှိ ကျေးလက်အိမ်ရာများ အမိုးလန်ပျက်စီးမှုကို တွေ့ရစဉ်

**စစ်တွေ ဇွန် ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ လုပ်ငန်းကော်မတီငါးခုမှ ကိုယ်စားလှယ်များသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့်အတူ မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ရခိုင်ပြည်နယ်အတွင်း ဘေးသင့်ဒေသများတွင် ထောက်ပံ့မှုများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု အခြေအနေ၊ လတ်တလောအရေးပေါ် လိုအပ်ချက်များ ရှိ/မရှိ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ၊ မုန်တိုင်းသတိပေးချက်ရရှိမှုနှင့် ကြိုတင်ပြင်ဆင်ခဲ့မှုအခြေအနေများကို ဇွန် ၁၆ ရက်မှစတင်၍ ကွင်းဆင်းစစ်ဆေးလျက်ရှိသည်။

**ဆွေးနွေး**

ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များသည် ဇွန် ၁၆ ရက်တွင် စစ်တွေမြို့ပေါ်ရှိ ဆိုင်ကလုန်းမုန်တိုင်း မိုရာကြောင့် ထိခိုက်မှုရှိခဲ့သည့် ရွှေပြားရပ်ကွက်၊ ဆတ်ရိုးကျ အလယ်တန်းကျောင်း၊ ကျေးတော(ခ)ရပ်ကွက်၊ စက်ရုံစု(၁) IDP စခန်းများသို့ သွားရောက်ကြည့်ရှု၍ ဒေသခံများ၏ အမှန်တကယ် လိုအပ်ချက်နှင့် လက်ရှိအခြေအနေများကို မြေပြင်ကွင်းဆင်း၍ မှတ်တမ်းများ ရယူသည်။ ဇွန် ၁၇ ရက်တွင် ဘူးသီးတောင်မြို့နယ်သို့ သွားရောက်၍ အင်းဖောက်ကျေးရွာရှိ ကျေးလက်အိမ်ရာများ အမိုးလန်ပျက်စီးမှု၊ လက်ဝဲဒက်ကျေးရွာမူလတန်းလွန်ကျောင်း ပျက်စီးမှုအခြေအနေနှင့် ကျေးရွာသောက်သုံးရေကန် ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှုတို့ကို စစ်ဆေးပြီး မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ မိုရာမုန်တိုင်းကြောင့် ဒေသတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**စစ်တမ်းများရယူ**

ကော်မတီအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ကညင်တန်းကျေးရွာအုပ်စုမှ မောင်နီရွာ၊ ကြီးကန်းပြင်ကျေးရွာအုပ်စုမှ အောင်သာယာ၊ အောင်မင်္ဂလာနှင့် မောင်နုမကျေးရွာတို့ရှိ အဆောက်အအုံများ ပျက်စီးမှုအခြေအနေတို့ကို စစ်ဆေး၍ ဒေသခံများ၏ လက်ရှိနေထိုင်မှုအခြေအနေ၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် ပညာရေးအခြေအနေတို့ကို မေးမြန်း၍ စစ်တမ်းများ ရယူခဲ့သည်။

ရခိုင်ပြည်နယ်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးသည့် အဖွဲ့တွင် အမျိုးသားကော်မတီလက်အောက်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးနှင့် လိုအပ်ချက် ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီနှင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီတို့မှ ကိုယ်စားလှယ်များ ပါဝင်သည်။

**ပျက်စီးဆုံးရှုံး**

မေ ၃၀ ရက်က ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း မိုရာမတိုင်မီ ကြိုတင်အသိပေးခြင်း၊ ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းခြင်းများ ပြုလုပ်နိုင်၍ ပျက်စီးဆုံးရှုံးမှုများရှိသော်လည်း ထိခိုက်သေဆုံးမှု မရှိကြောင်း သိရှိရပြီး မိုရာကြောင့် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။

**(သတင်းစဉ်)**



မောင်တောမြို့နယ် ကညင်တန်းကျေးရွာအုပ်စု မောင်နီကျေးရွာရှိ နေအိမ်ပျက်စီးမှုများကို တွေ့ရစဉ်

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်




**ရန်ကုန် ဇွန် ၁၈**

၁၉၉၄ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၃ ရက်အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ SORBONE တက္ကသိုလ်၌ ကျင်းပခဲ့သော အပျော်တမ်းဆိုင်ရာ အားကစားလေ့လာချက်ကွန်ဂရက်၏ ဆုံးဖြတ်ချက်အရ ၁၉၉၄ ခုနှစ် ဇွန် ၂၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (IOC) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး အဆိုပါအပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီစတင်ဖွဲ့စည်းသည့် ဇွန် ၂၃ ရက်ကို အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ဟု သတ်မှတ်၍ နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင်ရှိသည့် အမျိုးသားအိုလံပစ်ကော်မတီ (National Olympic Committee) များကဦးစီးပြီး အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ်အားကစားလှုပ်ရှားမှုများကိုကျင်းပကြသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိုလံပစ်နေ့အထိမ်းအမှတ်စုပေါင်း လူထုလမ်းလျှောက်ပွဲကို ကျင်းပရာ ဇွန် ၁၈ ရက် နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ကျိုက္ကဆံအားကစားကွင်း အမှတ်(၉)ဂိတ်စုရပ်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးမှဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ အားကစားမောင်/မယ်များ၊ သူနာပြုတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား/ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ၊ အထက(၃)တာမွေမှ ကျောင်းသား/ကျောင်းသူများ၊ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူလူထုများ၊ စုစုပေါင်းအင်အား ၂၀၀၀ ကျော် တက်ရောက်၍ ဆင်နွှဲခဲ့ကြသည်။

အဆိုပါအပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် သတ်မှတ်ထားသော နေရာများ၌ ဇူလိုင် ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

❖ *ကျော့ဖုံးမှ*

၈၂ ပွဲတွင် ၆၄ ပွဲနိုင်၊ ၁၆ ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားပြီး လွန်ခဲ့သော သုံးနှစ်ဝန်းကျင်က သံမဏိလူသားစိုးလင်းဦးနှင့် ငါးချီပြည့် အနိုင်မခံ/အရှုံးမပေး ယှဉ်ပြိုင်ထိုးသတ်ထားသူဖြစ်သည်။ အသက် ၂၄ နှစ်၊ အရပ် ၅ ပေ ၈ လက်မ၊ ကီလိုဝိတ်တန်း ၇၀ ရှိပြီး မွေထိုင်းလောကတွင် တံတောင်ရိုက်ချက်၊ ခြေကန်ချက်များဖြင့် နာမည်ကြီးနေသော လက်ရှိမွေထိုင်း လက်ဝှေ့ကျော်ရွှေခါးပတ်ချန်ပီယံတစ်ဦးဖြစ်သည်။ ဝီဂျစ်နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် စောဂေါ်မူဒို(မြန်မာ)သည် အရပ် ၅ ပေ ၆ လက်မ၊ အသက် ၂၃ နှစ်၊ ကီလိုဝိတ်တန်း ၇၀ ဖြစ်ပြီး လက်ရှိယှဉ်ပြိုင်ထိုးသတ်ထားသော ပွဲပေါင်း ၄၀ တွင် နိုင်ပွဲ ၂၀၊ သရေ ၁၅ ပွဲနှင့် ငါးပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူတစ်ဦးဖြစ်သည်။ သတ္တိကလပ်တွင် နည်းပြလုံးချော(မြန်မာပြည် ချန်ပီယံဟောင်း)နှင့်အတူ လေ့ကျင့်လျက်ရှိပြီး ပြိုင်ဘက်ဝီဂျစ်အား အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"အခု Main Fight မှာ ယှဉ်ပြိုင်ထိုးသတ်မယ့် ဝီဂျစ်ဟာ ထိုင်းဖိုက်နဲ့ စာမချုပ်ခင်ပြီးခဲ့တဲ့ သုံးနှစ်ဝန်းကျင်က စိုးလင်းဦးနဲ့ ရေးမြို့ဘုရားပွဲမှာ လာထိုးဖူးတယ်။ စိုးလင်းဦး ပထမအချီမှာပဲ ဝီဂျစ်လက်သီးကြောင့် အမှတ်စဉ်ရေတွက်ခံခဲ့ရတယ်။ အဲဒီပွဲမှာ စိုးလင်းဦးကို အနိုင်မခံ၊ အရှုံးမပေး ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်သွားခဲ့တယ်။ အဲဒါကြောင့် မြန်မာပရိသတ်က ပွဲထပ်မံစီစဉ်ပေးဖို့ တောင်းဆိုနေတာကြာပြီ။ ပရိသတ်ဆန္ဒ ဖြည့်ပေးချင်ပေမယ့် ဝီဂျစ်က ထိုင်းဖိုက်မှာ စာချုပ်ပွဲတွေရှိတော့ မစီစဉ်ဖြစ်ခဲ့ဘူး။ အခုမှပဲ စီစဉ်ဖြစ်တယ် ပြောရမှာပေါ့။ ဒီပွဲမှာရိုးရာလက်ဝှေ့အတိုင်း သုံးမိနစ်ထိုး၊ နှစ်မိနစ်နား။ ထိခိုက်အနာတရဖြစ်ရင် နှစ်မိနစ်အနားတောင်းစနစ်ပါမယ်။ အမှတ်ပေးစနစ် ပုံစံနဲ့သွားမှာမဟုတ်ဘူး။ ပရိသတ်တွေအကြိုက် ရိုးရာလက်ဝှေ့စည်းစနစ်အတိုင်း ကျင်းပမှာပါ။ ဒီပွဲမှာ ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူတွေ လူလတ်တန်းစားမရွေးကြည့်နိုင်အောင် လက်မှတ်ခန့်နှုန်းထားတွေကိုလည်း အတတ်နိုင်ဆုံးလျှော့ချပေးထားပါတယ်"ဟု ပွဲစီစဉ်သူ Promoter ဦးစိုင်းဇော်ဇော်က ပြောသည်။

ယခုကျင်းပမည့် လေးနိုင်ငံပါဝင်ယှဉ်ပြိုင်ထိုးသတ်သော Lethwei Nation Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရုံဝင်ခများကို ဝါသနာရှင်ပြည်သူများ လူလတ်တန်းစားမရွေး ကြည့်ရှုအားပေးနိုင်ရန် ရှေ့ဆုံးတန်းတွင် ငွေကျပ် ၅၀၀၀၀၊ ဒုတိယတန်းတွင် ငွေကျပ် ၄၀၀၀၀၊ တတိယတန်းတွင် ငွေကျပ် ၂၅၀၀၀၊ ၂၀၀၀၀ မှ အနိမ့်ဆုံးငွေကျပ် ၅၀၀၀ အထိ လျှော့ချပေးထားပြီး ကြိုတင်လက်မှတ်မှာယူလိုလျှင် ဖုန်း-၀၉-၇၃၀၀၉၆၈၆၊ ၀၉-၂၅၄၂၁၄၁၆၀ ဇော်ပစ်တိုင်းထောင်ဗီဒီယိုနှင့် PHOENIX GYM သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ ဖုန်း-၀၉-၇၉၃၂၁၂၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် လတ်တလောမည်သည့်ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ရန် အစီအစဉ်မရှိသေးကြောင်း သိရသည်။




**Lethwei Nation Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲပိုစတာကိုတွေ့ရစဉ်** ဓာတ်ပုံ-မင်းထက်

# တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် စာသင်တိုက်ဆရာတော်များအား ဆွမ်း၊ သင်္ကန်းဆက်ကပ်

**တောင်ငူ ဇွန် ၁၈**



တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှနှင့် ဇနီး ဒေါ်ဒေဝကီးဒေဝီ (သမာဓိ) တို့၏ မင်္ဂလာ (၆၂)နှစ်ပြည့် အထိမ်းအမှတ် ကုသိုလ်ကောင်းမှု ဒါန အဖြစ် ဇွန် ၁၆ ရက်က သမာဓိဂေဟာ၌ တောင်ငူမြို့ စည်ပင်ဂိုဏ်းအုပ် စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဦးဉာဏိန္ဒာလင်္ကာရ ဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား သမာဓိမိသားစုက နေ့ဆွမ်းနှင့် သင်္ကန်းများ ဆက်ကပ် လှူဒါန်းကြပြီး ဆရာတော်များ ချီးမြှင့်တော်မူသော အနုမောဒနာတရားတော်များကို နာယူကြ၍ အမျှပေးဝေခဲ့ကြသည်။

**ကျော်လှ (တောင်ငူ)**

# ကမ္ဘာ့သွေးလှူရှင်များနေ့အထိမ်းအမှတ် သွေးလှူဒါန်းပွဲအခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၁၈**

ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် သွေးလှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။




အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးနှင့်ဇနီး၊ တွဲဖက်ပါမောက္ခ ဒေါက်တာ ဥမ္မာကြည်မိသားစုနှင့် ဦးကျော်သန့်စိုး (နာယက၊ အနှိုင်းမဲ့မေတ္တာအခမဲ့သွေးလှူအသင်း)နှင့် ဇနီးဒေါ်အိအိငြိမ်းတို့က ဦးဆောင်၍ အနှိုင်းမဲ့မေတ္တာ အခမဲ့သွေးလှူအသင်းမှ အသင်းသား အသင်းသူများစုပေါင်း၍ သွေးလှူဒါန်းခဲ့သည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ ပဲခူးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးရဲမြင့်အောင်နှင့် ဆေးရုံရှိတာဝန်ရှိဆရာဝန်များက သွေးလှူဒါန်းမှုအား အားပေးကာ အလှူရှင်များက ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများ၊ ဝန်ထမ်းများနှင့် သွေးလှူဒါန်းသူများအား အာဟာရဒါန ကျွေးမွေးခဲ့သည်။ စုပေါင်းသွေးလှူဒါန်းပွဲတွင် သွေးပုလင်းပေါင်း ၃၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

# မြန်မာနိုင်ငံသားများအပ်ထားသည့် ဘဏ်ငွေစာရင်းများအား တရုတ်ဘက်က ပိတ်ထားသည့်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပွဲကျင်းပ

**မူဆယ် ဇွန် ၁၈**

**တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ရှိ** Agriculture Bank Of China(ABC) **နှင့်** China Construction Bank **တို့၌ ဘဏ်စာရင်းဖွင့်လှစ်ထားသည့် မနန်းနွမ်ဟွမ်ပါ ၂၈ ဦးတို့၏ ဘဏ်ငွေစာရင်းများကို ဇွန် ၁၅ ရက်မှစ၍ အပိတ်ခံခဲ့ရပြီး ကျန်ရှိဘဏ်စာရင်းများကိုပါ တရုတ်ဘဏ်က ဆက်လက်ပိတ်ထားကြောင်း သိရသည်။**

အဆိုပါ ဘဏ်ငွေစာရင်းပိတ်ထားခြင်းနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၁၁ နာရီခွဲခန့်က မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အတွင်းရှိ ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန် ပစ္စည်းကုန်စည်ဒိုင်၌ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးလှမောင်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့ဘဏ်ငွေစာရင်းများ အပိတ်ခံရခြင်းနှင့်ပတ်သက်၍ မိမိတို့အချင်းချင်း ညီညွတ်မှုလိုအပ်ကြောင်း၊ မိမိတို့ငွေများသည် ငွေမည်းဟုဆိုပါက တရုတ်အစိုးရဘဏ်များက ဘာကြောင့်လက်ခံခဲ့ရသည်ကို သိလိုကြောင်း၊ ယခုလိုလုပ်ရပ်မျိုး ဘယ်နိုင်ငံမှာမှ မရှိကြောင်း၊ တရုတ်ပြည်ထဲသာမက မိမိတို့ဘက်ကဝင်လာသည့် ငွေများကိုပါ ပိတ်သည်ဆိုသည်မှာ လုံးဝမတရားဘူးဟု မြင်မိပါကြောင်း၊ ယခင်တုန်းကလည်း မကြာခဏ ပိတ်ခဲ့ဖူးသော်လည်း ယခုအခေါက်သည် အများဆုံးဖြစ်ကြောင်း၊ မြန်မာဘက်က ပို့ကုန်ဖြစ်သည့် ဆန်၊ သကြားနှင့် ပြောင်းများကိုလည်း တရုတ်ဘက်မှ ဖမ်းဆီးနေပါကြောင်း၊ ယခုအတိုင်းသာ ဆက်လုပ်နေမည်ဆိုလျှင် ခံဘက်ကပဲ ဖြစ်နေမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကုန်သည်များ အချင်းချင်း စည်းလုံးညီညွတ်မှု ရှိရမည်ဖြစ်ကြောင်း၊ ငွေလွှဲမည့်သူလည်း သူတို့ဘက်မှ တရားမဝင်ဘူးဟု ပြောကြောင်း၊ ငွေလွှဲသူမရှိပါက ကုန်သွယ်မှု လုပ်မရကြောင်း၊ တရုတ်ပြည်ကို စာရေးပြီးတင်ပါကလည်း ဗဟိုထိ ရောက်မှာမဟုတ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှာရှိသည့် ကုန်သည်များ အနေဖြင့် မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို ဆွေးနွေးရခြင်းဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းက ပြောကြားရာတွင် ကုန်သည်များ ကူးသန်းရောင်းဝယ်ရာတွင် ဘယ်နိုင်ငံမဆို အခွန်အခများပေးပြီး ဆောင်ရွက်ရတာဖြစ်ကြောင်း၊ ယခုလို မိမိတို့နိုင်ငံသားတွေ ဆုံးရှုံးနစ်နာမှု ရှိလာကြပြီဆိုပါက အဓိက တာဝန်ယူဖြေရှင်းပေးရမည့်သူမှာ အစိုးရသာဖြစ်ကြောင်း၊ ပြည်သူများ၏ နစ်နာမှုများကို အတတ်နိုင်ဆုံး တာဝန်ယူပေးနိုင်ရေးအတွက် မိမိတို့မှာလည်းတာဝန်ရှိကြောင်း၊ အစိုးရက ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ဖို့အတွက် ဆက်လက်တိုက်တွန်း အားပေးသွားမည်ဖြစ်ကြောင်း၊ အစိုးရက ပြည်သူများ၏ နစ်နာချက်များကို ကိုင်တွယ်ဖြေရှင်းရန် အားနည်းနေပါက မိမိတို့က အချက်အလက်များ ပေးပို့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက နယ်စပ်ဒေသတွင် သွင်းကုန်ထုတ်ကုန်လုပ်နေသည့် လုပ်ငန်းရှင်များ၏ ငွေများမှာ တရုတ်ငွေ-မြန်မာငွေ ပေးချေသည့်နေရာတွင် အဓိက ဖြစ်ကြောင်း၊ ယခုလို တရုတ်အစိုးရအနေဖြင့် ဘဏ်အကောင့်ပိတ်သိမ်းလိုက်သည့်အထဲတွင် ငွေလွှဲပေးချေ ပေးနေသူများ၏ ဘဏ်စာရင်းအများဆုံး ပါသွားကြောင်း၊ ငွေလွှဲသမားသာမက ကုန်သည်နှင့် လုပ်ငန်းရှင်များ၏ဘဏ်စာရင်းများလည်း ပိတ်သိမ်းခံရကြောင်း၊ ယခင်ကလည်း ခဏခဏ ပိတ်ခဲ့သည်ကို ခံခဲ့ရကြောင်း၊ သို့သော် အနည်းငယ်ဖြစ်သည့်အတွက် မသိသာဘဲ ယခုပိတ်သည်မှာ အဆိုးဆုံးဖြစ်ပြီး တရုတ်နိုင်ငံသားနှင့် မြန်မာနိုင်ငံသား စုစုပေါင်းတစ်ထောင်ကျော် အပိတ်ခံရသလို ကုန်စည်ကူးသန်းရောင်းဝယ်မှုမှာလည်း ရပ်ဆိုင်းနေရကြောင်း၊ ထို့ကြောင့် အစိုးရအနေနှင့် ယင်းကိစ္စကို အမြန်ဆုံးပြေလည်စေရန် တရုတ်အစိုးရနှင့် ညှိနှိုင်းပြီး အပိတ်ခံထားရသည့် ဘဏ်အကောင့်များကို ပြန်လည် ဖွင့်လှစ်ပေးစေလိုကြောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လွှတ်တော်ပြင်ပ၊ အစိုးရအထောက်အကူပြု လူမှုနိုင်ငံရေးအင်အားစုမှ တာဝန်ရှိသူများ၊ မူဆယ်-နမ့်ခမ်း ကုန်သည်များနှင့် လုပ်ငန်းရှင်များ၊ ငွေလွှဲလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်၏ ပဓာနနာယက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တသီလဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဇွန် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသ မဟာထေရ်မြတ်ကြီးသည် သက်တော် (၉၂ နှစ်)၊ သိက္ခာတော် (၇၃)ဝါ အရ ၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက် (၁၈-၆-၂၀၁၇) တနင်္ဂနွေနေ့ နံနက် ၁ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသီလဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ကချင်ပြည်နယ် မြစ်ကြီးနား မြို့နယ် ဆင်ဘိုကျေးရွာ ခမည်းတော် ဦးလူရ၊ မယ်တော် ဒေါ်အီတို့မှ ၁၂၈၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်နေ့တွင် ကသာမြို့ မြောက်ကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက် ဗုဒ္ဓဟူးနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တာလောကြီးကျေးရွာ ခဏ္ဍသိမ်တွင် ခေါင်ဖူးရွာသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ကသာမြို့ မြောက်ကျောင်းဆရာတော်၊ မြစ်ကြီးနားမြို့နယ် ဆင်ဘိုကျေးရွာ ခေါင်ဖူးသစ်ဆရာတော်၊ ရွှေကူမြို့ မြို့မကျောင်းဆရာတော်၊ မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းဆရာတော်၊ မန္တလေးမြို့ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်ဆရာတော်၊ မစိုးရိမ်ကျောင်းတိုက်ဆရာတော်၊ ဝေဃံဘုံသာကျောင်းတိုက်ဆရာတော်၊ ရွှေရေးဆောင်ကျောင်းတိုက်ဆရာတော်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၃၁၂ ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ မြင်းဝန်ကျောင်းတိုက်၌လည်းကောင်း၊ မိုးကောင်းမြို့ နမ္မတီး ဥတ္တရာရာမကျောင်းတိုက်၌လည်းကောင်း၊ မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက်၌လည်းကောင်း၊ ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပါသည်။ မြစ်ကြီးနားမြို့၊ မိုးညှင်းမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့တို့၌ ဓမ္မာစရိယနှင့် ပထမပြန်စာဖြေဌာနများရရှိရေး ဆောင်ရွက်တော်မူခဲ့ပြီး စေတီတော်အဆူ ၃၀ ကို အသစ်တည်ထားမွမ်းမံပြင်ဆင်ရာတွင် ဦးဆောင်မှုပေးခဲ့ပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မူလသံဃာ့ဝန်ဆောင် ၆၆ ပါး အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ပဉ္စမအကြိမ် သုံးနှစ်သက်တမ်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယနေ့အချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုးကိုထက်သန်သော လုံ့လ၊ ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနာ့ဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသဖြင့် ဆရာတော် ဘဒ္ဒန္တသီလဝံသသည် ၁၃၆၇ ခုနှစ်(၂၀၀၆)တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၇၃ ခုနှစ်(၂၀၁၂)တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၂ နှစ်)၊ သိက္ခာတော် (၇၃)ဝါ အရ ၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက် (၁၈-၆-၂၀၁၇) တနင်္ဂနွေနေ့ နံနက် ၁ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပေါ်တူဂီတောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူအရေအတွက် ခြောက်ဆယ်ကျော်အထိမြင့်တက်

**လစ္စဘွန်း ဇွန် ၁၈**

ပေါ်တူဂီအလယ်ပိုင်း၌ ပြီးခဲ့သည့် စနေနေ့က အရှိန်အဟုန်ဖြင့်စတင်လောင်ကျွမ်းခဲ့သောတောမီးကြောင့်လူ ၂၄ ဦး သေဆုံးခဲ့ရာမှ တနင်္ဂနွေနေ့တွင် သေဆုံးသူအရေအတွက် ၆၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။



ယင်းသေဆုံးမှုသည် ပေါ်တူဂီ၌ ဖြစ်ပွားသည့် အသေအပျောက်အများဆုံး တောမီးလောင်ကျွမ်းမှုတစ်ခုဖြစ်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။ ပြည်တွင်းရေးရာ ပြည်နယ်အတွင်းရေးမှူး ဂျော့ဂိုမက်စ်က သေဆုံးသူအများစုမှာ လမ်းမပေါ်သွားလာနေကြသည့် မော်တော်ယာဉ်စီးနင်းသူများနှင့် ယာဉ်ပေါ်လိုက်ပါလာသူများဖြစ်ပြီး မီးစွဲလောင်ခြင်းခံခဲ့ရကာ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ရိုက်တာသို့ ပြောကြားခဲ့သည်။

စနေနေ့က တောမီးလောင်ကျွမ်းမှုသည် လစ္စဘွန်းအရှေ့တောင်ပိုင်းမှ ၂၀၀ကီလိုမီတာအကွာ တောင်ကုန်းထူထပ်သည့် ဒေသတစ်ခုဖြစ်သည့် ပက်ဒရိုဂါအို၌ ပြင်းထန်သည့်အပူလှိုင်းနှင့်မိုးရွာသွန်းမှုမရှိဘဲ မိုးကြိုးပစ်ခတ်မှုများဖြစ်နေချိန်တွင် အကြီးအကျယ်လောင်ကျွမ်းခဲ့သည်။

မီးသတ်ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် မီးတောက်များကို ငြိမ်းသတ်နိုင်ရန် အဆက်မပြတ်ကြိုးပမ်းအားထုတ်ရင်း မြို့နေပြည်သူများအား ကယ်ဆယ်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်းရှိ နေရာဒေသအများစုတို့တွင် အပူချိန်သည် ၄၀ ဒီဂရီဆဲစီးယပ်စ်အထက်ကျော်လွန်လျက်ရှိပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားသည့်ဒေသအတွင်း၌ လေပြင်းများတိုက်ခတ်နေခဲ့ခြင်းက မီးတောက်လောင်မှုအခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# သင်္ဘောနှစ်စင်းတိုက်မိပြီးနောက် ပျောက်ဆုံးနေသည့်သင်္ဘောသားများ၏ အလောင်းများကို အမေရိကန်ဖျက်သင်္ဘော၏ ရေဝင်နစ်မြုပ်နေသော အခန်းများထဲတွင်တွေ့ရှိ

**ဝါရှင်တန် ဇွန် ၁၈**

ပြီးခဲ့သည့် ဇွန် ၁၇ရက်နံနက်ပိုင်းက အမေရိကန်ဖျက်သင်္ဘောနှင့် ဖိလစ်ပိုင်ကုန်တင်သင်္ဘောတို့တိုက်မိခဲ့ပြီး အမေရိကန်စစ်သင်္ဘောမှ



သင်္ဘောသားခုနစ်ဦးပျောက်ဆုံးလျက်ရှိရာ ပျောက်ဆုံးနေသူများ၏ရုပ်အလောင်းများကို USS Fitzgerald ဖျက်သင်္ဘော၏ ရေနစ်မြုပ်နေသည့်အခန်းများအတွင်း၌ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ရေတပ်မတော်၏အစောပိုင်းဖော်ပြချက်၌သင်္ဘောသားတချို့၏ ရုပ်အလောင်းများကို ကျောက်ချထားသည့် သင်္ဘော၏အခန်းများအတွင်း၌တွေ့ရှိခဲ့ကြောင်း သို့သော် ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဖ်အော်ကွိုင်ကတွေ့ရှိသည့် သင်္ဘောသားအလောင်းအရေအတွက်ကို ဖော်ပြရန်ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ပင်လယ်ပြင်အတွင်း၌ ပျောက်ဆုံးနေသူများအားရှာဖွေမှုကိုရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ ဂျိုးဆက်ဖ်အော်ကွိုင်က ယိုကိုဆူကာရေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

USS Fitzgerald ရေတပ်ဖျက်သင်္ဘောသည်ရေထဲသို့ လုံးဝနစ်မြုပ်သွားတော့မည့် အခြေအနေအထိရောက်ရှိခဲ့ပြီး တပ်ဖွဲ့ဝင်များက အင်အားစိုက်ထုတ်ကာ ကယ်ဆယ်နိုင်ရေး လုပ်ဆောင်ခဲ့ရသည်ဟုပြောကြားခဲ့သည်။

သင်္ဘောသည် သိသာထင်ရှားစွာထိခိုက်ပျက်စီးသွားခဲ့ပြီး ရေအောက်တွင်ရှိနေသည့်အပိုင်းမှာ ဟက်တက်ကွဲသွားခဲ့ကြောင်း သိရသည်။

သင်္ဘော၏ လက်ယာဦးပိုင်းထိခိုက်ပျက်စီးမှုက အမေရိကန်ဖျက်သင်္ဘော၏ မှားယွင်းခဲ့မှုကို ဖော်ပြနေသော်လည်း သင်္ဘောနှစ်စင်းတိုက်မိရသည့် အကြောင်းအရင်းကို ဝေဖန်သုံးသပ်ရန် အော်ကွိုင်က ငြင်းဆန်ခဲ့ကြောင်း သိရသည်။

ရေကြောင်းသွားလာမှုစည်းကမ်းများအရ ရေယာဉ်များသည်ယာဉ်၏လက်ယာဘက်တွင်ရှိနေသည့် သင်္ဘောများကိုလမ်းဖယ်ပေးရန်အကြံပြုထားကြောင်း သိရသည်။

**(ရိုက်တာ)**

## အဏ္ဏမြူလက်နက်တားဆီးရေးကို အားပေးထောက်ခံသည့် ချီတက်စုဝေးမှုပြုလုပ်

**နယူးယောက် ဇွန် ၁၈**

အဏုမြူဗုံးဒဏ်မှ အသက်ရှင်ကျန်ရစ်သူများအားကိုယ်စားပြုသည့် အမျိုးသမီးများသည် ကုလသမဂ္ဂ၌ ဆွေးနွေးခဲ့သည့် နျူကလီးယားလက်နက် ပိတ်ပင်တားဆီးရေးအဆိုတင်သွင်းမှုကို အားပေးထောက်ခံသည့်အနေဖြင့် နယူးယောက်မြို့၌ ချီတက်စုဝေးမှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

စနေနေ့တွင်ပြုလုပ်ခဲ့သည့်ချီတက်စုဝေးမှုကို အမျိုးသမီးများဦးဆောင်သည့်ငြိမ်းချမ်းရေးအဖွဲ့က စီစဉ်လုပ်ရှားခဲ့ခြင်းဖြစ်ပြီး နျူကလီးယားလက်နက်ပိတ်ပင်တားဆီးရေးအတွက် ကမ္ဘာ့ပထမဦးဆုံးသောစာချုပ်ချုပ်ဆိုမှုပြုလုပ်ရန် ရည်ရွယ်သည့် ကုလသမဂ္ဂညှိနှိုင်းအစည်းအဝေးကျင်းပမှု ဒုတိယအကြိမ်ပြုလုပ်သည့် အချိန်ကာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဟီရိုရှီးမားနှင့်နာဂါစကီတွင်ဖြစ်ပွားခဲ့သည့်အဏုမြူဗုံးဒဏ်မှ လွတ်မြောက်လာသူများအား ကိုယ်စားပြုရန်အတွက် တိုရှီယူကီနှင့် မာဆာကိုဝါဒါတို့နယူးယောက်မြို့သို့ လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ ဆန္ဒဖော်ထုတ်သူ ၈၀၀ ဝန်းကျင်ခန့်သည် နှစ်ကီလိုမီတာခန့်အထိ စုဝေးချီတက်ခဲ့ကြပြီး နောက်ထပ်ဟီရိုရှီးမား ဖြစ်စဉ်အလိုမရှိ၊ နောက်ထပ်နာဂါစကီ ဖြစ်စဉ်အလိုမရှိဟု အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

အဏုမြူဗုံးဒဏ်မှလွတ်မြောက်လာခဲ့ကြသူများသည် နျူကလီးယားလက်နက်ဒဏ်ကိုမည်သူမျှ ထိခိုက်ခံစားရခြင်းမရှိသင့်ကြောင်းကို ၇၂ နှစ် လုံးလုံး ပြောဆိုလာခဲ့ကြသည်ဟု ဝါဒါက ပြောသည်။ ကုလသမဂ္ဂဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂဆိုင်ရာ ကိုစတာရီကန်သံအမတ် အီလေနီဝိုက်တီဂိုမက်ကလည်း ချီတက်စုဝေးမှုတွင် လိုက်ပါခဲ့ကြောင်း သိရသည်။

ဂိုမက်က စာချုပ်အောင်မြင်ဖြစ်မြောက်ရေးအတွက် ၎င်းတတ်စွမ်းသမျှ ကြိုးစားသွားမည်ဖြစ်ကြောင်း ဆန္ဒဖော်ထုတ်သူများအား ပြောကြားခဲ့သည်။ အမေရိကန်မှ ဆန္ဒဖော်ထုတ်သူတစ်ဦးက အဏုမြူလက်နက်ပပျောက်ရေးအတွက် ကုလသမဂ္ဂ၏ ညှိနှိုင်းဆွေးနွေးမှုကို အဏုမြူဗုံးဒဏ်မှ လွတ်မြောက်လာသူများက အားပေးထောက်ခံနေသည်ကို တွေ့မြင်ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ကောင်းကြောင်း ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အာဖဂန်ရဲတပ်ဖွဲ့ဌာနချုပ်ကို ဝင်ရောက်တိုက်ခိုက်မှုဖြစ်ပွား၊ အများအပြားသေဆုံး

**ကဘူးလ် ဇွန် ၁၈**

အာဖဂန်အရှေ့ပိုင်းရှိ ရဲတပ်ဖွဲ့ဌာနချုပ်ကို တနင်္ဂနွေနေ့တွင် အသေခံဗုံးခွဲသူငါးဦးက ဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူများစွာသေဆုံးပြီး ဒဏ်ရာရရှိသူအများအပြားရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

တာလီဘန် စစ်သွေးကြွများ၏ လက်ချက်ဟုသိရသည့် ယင်းတိုက်ခိုက်မှုသည် ဒေသစံတော်ချိန်နံနက် ၆နာရီခွဲဝန်းကျင်ခန့်တွင် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပတ်တီရာပြည်နယ် ဂါဒက်ဇ်မြို့ရှိ ရဲတပ်ဖွဲ့ဌာနချုပ်၏ ဂိတ်ပေါက်၌ ဗုံးသမားတစ်ဦးက ပေါက်ကွဲပစ္စည်းတပ်ဆင်ထားသည့် ကားတစ်စီးကိုဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ နာဂျစ်ဒန်နစ်ရှ်က ပြောကြားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် နောက်ထပ်တိုက်ခိုက်သူလေးဦးက ဂိတ်ပေါက်၌ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲအဖွဲ့က လူနှစ်ဦးကို ပစ်သတ်နိုင်ခဲ့သည်။ ကျန်လူများသည် အာဖဂန်အထူးရဲတပ်ဖွဲ့အင်အားစုများနှင့်အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်း ၎င်းက ပြောသည်။

တိုက်ခိုက်မှုအတွင်းရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒန်နစ်ရှ်က ဆိုသည်။ မြို့တော်ဆေးရုံမှဆရာဝန်များက ရဲတပ်ဖွဲ့ဝင်ငါးဦး၏ အလောင်းကိုသာမက အရပ်သားအယောက် ၂၀ ပါဝင်သည့် ဒဏ်ရာရရှိသူအယောက်သုံးဆယ်တို့ကို လက်ခံထားကြောင်း ပြောကြားခဲ့သည်။

အစ္စလာမ္မစ်စစ်သွေးကြွများသည် အစိုးရနှင့် လုံခြုံရေးအင်အားစုများကို ပစ်မှတ်ထားကာ မကြာခဏတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။

**(ရိုက်တာ)**





# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တောင်ပြိုလက်ဝဲမြို့၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ

**တောင်ပြိုလက်ဝဲ ဇွန် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် တာဝန်ရှိသူများသည် ယနေ့ ညနေ ၃ နာရီခန့်တွင် တောင်ပြိုလက်ဝဲမြို့ အမှတ်(၃) နယ်ခြားစောင့်ရဲစခန်းသို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

**ပြန်လည်ထွက်ခွာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေးတံတားနှင့် နယ်စပ်ခြံစည်းရိုးကို သွားရောက်လေ့လာကြည့်ရှုကြပြီး နယ်ခြားစောင့်ရဲတပ်ရင်း ဧည့်ခန်းမ၌ နယ်ခြားစောင့်တပ်မိသားစုများနှင့် တွေ့ဆုံအမှာ စကားပြောကြားခဲ့သည်။ ယင်းနောက် ညနေ ၄ နာရီခန့်တွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးရေးကို တစ်ဦးတစ်ယောက်တည်းပြုလုပ်၍မရဘဲ အားလုံးပူးပေါင်းပါဝင်မှ အောင်မြင်မည်

**ကျောက်တော် ဇွန် ၁၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် ကျောက်တော်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္စပနဒီခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ NGO များနှင့် တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများ အားသွန်ခွန်စိုက်ပြုလုပ်ရန်နှင့် ပြီးခဲ့သောနှစ်က လုပ်ငန်းဆောင်ရွက်မှုများကို ရခိုင်ပြည်နယ်အစိုးရဘဏ္ဍာငွေဖြင့် လုပ်ဆောင်ရာတွင် အောင်မြင်မှုများရရှိပြီး ယခုတက်ရောက်လာကြသော ပြည်သူများက တင်ပြပြောဆိုလျှင် လာမည့်နှစ်တွင် အခြေအနေကောင်းများ၊ ရလဒ်ကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်း လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ ပါဝင်သောအဖွဲ့က စက်မှုဇုန်များ တည်ဆောက်ကာ ကဏ္ဍအသီးသီးမှ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ လာမည့်နှစ်တွင် အခြေခံအဆောက်အအုံများ ခိုင်မြဲရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့၌လည်း ရက်ကန်းစက်ရုံ၊ အထည်ချုပ်စက်ရုံများ တည်ဆောက်ပေးကာ အမျိုးသမီးများအား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး လာမည့်နှစ်တွင်လည်း အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်းနှင့် ပြည်နယ်တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုးရေးကို တစ်ဦးတစ်ယောက်တည်း ပြုလုပ်၍မရဘဲ အားလုံးပူးပေါင်းပါဝင်မှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသော ပြည်သူများမှလည်း တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

တက်ရောက်လာကြသော ပြည်သူများက မေးမြန်းဆွေးနွေးချက်များအပေါ် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဖြေကြားပေးကြကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိ



**မောင်တော ဇွန် ၁၈**

မောင်တောမြို့နယ်၌ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေချေးရန် ကျန်ရှိနေသည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း မောင်တောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။ **(ဝဲပုံ)**

"မောင်တောမြို့နယ် အမှတ် (၆) ရပ်ကွက်က အစုအဖွဲ့ ၁၄ ဖွဲ့ပါတဲ့ တောင်သူ ၄၂ ဦးရဲ့မိုးစပါးစိုက် ဧက ၁၀၃ ဧကအတွက် ငွေကျပ် ၁၅၄ သိန်း ၅ သောင်း ထုတ်ချေးပေးခဲ့ပါတယ်။ ကျန်တဲ့ရွာတွေက တောင်သူတွေကိုလည်း ဆက်လက်ထုတ်ချေးဖို့ လုပ်နေတယ်။ ချေးငွေလျှောက်လွှာတွေလည်းတင်ထားကြတယ်။ ဒါတွေ စိစစ်ပြီး သေချာပြီဆိုရင် ငွေထုတ်ချေးပေးသွားမယ်"ဟု မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးထွန်းအောင်က ပြောသည်။

မေ ၂၃ရက်ကလည်း မောင်တောင်မြို့နယ် ညောင်ချောင်းကျေးရွာအုပ်စုမှ အစုအဖွဲ့ ၁၁ ဖွဲ့ တောင်သူ ၃၀ ၏ မိုးစပါးစိုက်ဧက ၆၈ ဧကအတွက် တစ်ဧကငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မောင်တောမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးရာတွင် တောင်သူများ၏ ဆန္ဒအရ လုပ်ကွက်ငယ် ၁၀ ဧကအထိ စိုက်ပျိုးသည့် တောင်သူများကို အစုအဖွဲ့ ဖွဲ့ပြီး တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ထုတ်ချေးပေးကြောင်း သိရသည်။

မောင်တောခရိုင်၌ စိုက်ပျိုးစရိတ် ချေးငွေရရှိသည့် စပါးစိုက်ဧကပေါင်း ၁၅၀၀၀ ကျော်ရှိပြီး မောင်တောမြို့တွင် စပါးစိုက်ဧက ၄၅၀၀ ကျော်နှင့် ဘူးသီးတောင်မြို့နယ်၌ စပါးစိုက်ဧက ၁၁၀၀၀ ကျော်ရှိကြောင်း၊ ချေးငွေရယူရာတွင် ပုံစံ(၇)နှင့် နိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများအား ထုတ်ချေးပေးကြောင်း သိရသည်။

ယခင် ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မောင်တောမြို့နယ်၌ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၀၆၉ ဦးအား မိုးစပါးစိုက်ဧက တစ်ဧကတစ်သိန်း ငါးသောင်းနှုန်းဖြင့် ငွေကျပ် သိန်း ၄၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

**သတင်း-မင်းသစ်** (MNA)
**ဓာတ်ပုံ-ရဲထွဋ်**

# မွန်ပြည်နယ် ကြက်၊ ငှက်တုပ်ကွေးကာကွယ်ထိန်းချုပ်ရေးကော်မတီမှ သိမ်းဆည်းရမိသည့် ဘဲဥလုံးရေ ၃၇၅၀၀ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၈**

မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့ကျွဲခြံကုန်းရပ်ကွက် ဟသ်ာအဝိုင်း စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မင်းထွန်းဦးစီးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များသည် သတင်းအရ ဇွန် ၁၆ ရက် နံနက် ၅ နာရီကျော်ခန့်က မော်လမြိုင်ဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်များကို ရှောင်တခင် ရပ်တန့်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ယာဉ်မောင်း သန်းလင်းနိုင် (၃၀ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် 7D/---- Odyssey ယာဉ်အား စစ်ဆေးရှာဖွေရာ တစ်ကတ်လျှင် အလုံး ၃၀ ပါ ကတ် ၇၀၀ ဘဲဥအလုံးရေ ၂၁၀၀၀ လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀၀ ကို သိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိသည့် ဘဲဥများကို ကြက်၊ ငှက်တုပ်ကွေးကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ယင်းနေ့တွင် မော်လမြိုင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင်မုယောင်းကျေးရွာရှိ အမှိုက်စုပေါင်းသိမ်းဆည်းသည့်နေရာ၌ မီးရှို့ဖျက်ဆီးခဲ့သည်။

ဘဲဥများတင်ဆောင်လာခဲ့သည့် ယာဉ်သည် လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်သည့်အတွက် ယာဉ်မောင်း သန်းလင်းနိုင်အား မြိုင်သာယာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

အလားတူ မြဝတီမြို့မှ မွန်ပြည်နယ်သို့ ယာဉ်မောင်း တင်အေး ယာဉ်အမှတ် FF/---- အား ဇွန် ၁၇ ရက်က စစ်ဆေးရေးဂိတ်၌ ရပ်တန့်စစ်ဆေးရာ တစ်ကတ်လျှင် အလုံး ၃၀ ပါ ကတ် ၅၅၀ ဘဲဥအလုံးရေ ၁၆၅၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆၄၀၀၀၀ ကို သိမ်းဆည်းရမိပြီး သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ကာ ယင်းနေ့တွင် မီးရှို့ဖျက်ဆီးခဲ့သည်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရှိ လမ်းတစ်လျှောက်(မြဝတီမှ မော်လမြိုင်)သို့ ခရီးသည်များတင်ဆောင်သည့် ယာဉ်များ၊ ကုန်တင်ယာဉ်များသည် ယခုရက်ပိုင်းအတွင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တင်သွင်းလျက်ရှိသော စားသောက်ကုန်များနှင့် အရက်မျိုးစုံ တင်သွင်းလျက်ရှိရာ ထိရောက်စွာ တားဆီး ပိတ်ပင်အရေးယူမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

# လက်ကိုင်ဖုန်းပြုပြင်နည်း သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသနေ တိုင်းရင်းသား တိုင်းရင်းသူ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ လက်ကိုင်ဖုန်းပြုပြင်နည်း သင်တန်းအမှတ်စဉ် (၁) သင်တန်းအား သင်တန်းသား ၂၂ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်း ၃၂ ဦးဖြင့် ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။ သင်တန်းကာလမှာ မေ ၈ ရက်မှ ဇွန် ၁၆ ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဗထူး**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည် ဘီယာများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆၆ စီး၊ သွင်းကုန် ၅၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၀၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၂၉၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၅ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆ ဒသမ ၇၉၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ရှောင်ကွင်းသည့် ပျဉ်းကတိုးကုန်းလမ်း၌ Starex နှင့် Nissan UR Van ယာဉ်တို့အား မုပ္ပလင်ရဲစခန်းမှ တားဆီး၍ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Leo Beer (330ml) (1×24Can) (230)Pkgs, Singha Beer (330ml) (1×24 Can) (230)Pkgs နှင့် သယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၆ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Leo Beer နှင့် Singha Beer များ

# ပုဒ်မ ၆၆(ဃ)ဖြင့် တရားစွဲဆိုမှုကို မီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ မုံရွာမြို့တွင်လမ်းလျှောက်ဆန္ဒထုတ်ဖော်



**မုံရွာ ဇွန် ၁၈**

မီဒီယာများ ပါဝင်သော ဆက်သွယ်ရေး ဥပဒေပြင်ဆင်ရေး ပူးပေါင်းလှုပ်ရှားမှုအဖွဲ့(မုံရွာ)က ဦးဆောင်၍ ခွင့်ပြုချက်နှင့်အညီ ဇွန် ၁၈ ရက် နံနက်ပိုင်းက မုံရွာမြို့တွင် လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဇွန် ၁၈ ရက် နံနက် ၈ နာရီက မုံရွာပြည်သူ့အားကစားကွင်းရှေ့တွင် ငြိမ်းချမ်းစွာစုဝေး၍ နံနက် ၉ နာရီတွင် မုံရွာအားကစားကွင်းရှေ့ ဗိုလ်ချုပ်လမ်းအတိုင်း မြောက်ဘက် တမာတန်းထိပ်မီးပွိုင့်မှ အနောက်ဘက်ရုံးကြီးလမ်းအတိုင်း ဘူတာလမ်းအထိ ထိုမှဗိုလ်ချုပ်ကြေးရုပ်ကို တစ်ပတ်ပတ်ကာ ပြည်သူ့အားကစားကွင်းရှေ့အထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။ လမ်းလျှောက်ဆန္ဒ ထုတ်ဖော်ရင်း ပုဒ်မ ၆၆(ဃ)ဖျက်သိမ်းရေး ချက်ချင်းလုပ်ရန်နှင့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ရရှိရန်များအပြင် မီဒီယာဖိနှိပ်မှု အလိုမရှိကြောင်းများကို ပိုစတာများကိုင်ကာ ကြွေးကြော်ခဲ့ကြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## အငှားယာဉ်ပေါ်သို့ အနီးရှိတိုက်ခန်းမှ ထိုင်ခုံပြုတ်ကျ၍ ယာဉ်မောင်းဖြစ်သူ ဒဏ်ရာရရှိ

**ရန်ကုန် ဇွန် ၁၈**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းကားဂိတ်၌ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ရပ်တန့်ထားသော အငှားယာဉ်ပေါ်သို့ ထိုင်ခုံတစ်လုံးပြုတ်ကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အင်းစိန်မှ ရန်ကုန်ဘက်သို့အသွား လှည်းတန်းမှတ်တိုင်နေရာ၌ ရပ်တန့်ထားသော အငှားယာဉ်အမှတ် YGN DD/----- ပေါ်သို့ အနီးရှိ တိုက်ခန်းတစ်ခန်းမှ ထိုင်ခုံတစ်လုံးပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ထိုင်ခုံသည် လူသွားလမ်းပလက် ဖောင်းကိုကျော်၍ အငှားယာဉ်၏ ရှေ့မှန်ပေါ်သို့ ပြုတ်ကျခဲ့ခြင်းဖြစ်ရာ ယာဉ်၏ ရှေ့လေကာမှန်ကွဲအက်သွားပြီး ယာဉ်မောင်းထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါထိုင်ခုံသည် မည်သည့်အခန်းမှ ပြုတ်ကျခဲ့ ခြင်းဖြစ်ကြောင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း ကမာရွတ်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# လူသွားလမ်းပိတ်ယာဉ်ရပ်မှုကြောင့် ကားကြားမှဖြတ်သန်းသွားနေရ

**ရန်ကုန် ဇွန် ၁၈**

ယာဉ်ရပ်နားရန် နေရာအခက်အခဲကို အကြောင်းပြု၍ ရန်ကုန်မြို့တွင်း အိမ်စီးယာဉ် မောင်းနှင်သူတချို့သည် လမ်းဘေးကွက်လပ်နေရာများတွင်အထူးသဖြင့် ကားလမ်းမကြီးများပေါ်သို့ အဝင်အထွက် လမ်းထောင့်အချို့တွင်ပါ စည်းကမ်းမဲ့ရပ်နားထားခြင်း ပိုမိုမြင်တွေ့လာရသည်ဟု လမ်းမတော်မြို့နယ်နေသူတစ်ဦးက ဆိုသည်။

လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ်တွင် ဇွန် ၁၈ ရက် ညနေ ၄ နာရီက လူသွားလမ်းပိတ်၍ အိမ်စီးယာဉ်ငယ်တစ်စီးရပ်ထားသဖြင့် ယာဉ်များကြားကွေ့ကာသွားလာနေရသည်ကို တွေ့ရသည်။ **(ယာပုံ)**

ယာဉ်များမောင်းနှင်သွားလာခြင်းသာမက ရပ်နားရာတွင်လည်း စည်းကမ်းတကျ ရပ်နားသင့်ကြောင်း၊ လူသွားလမ်းများပေါ် အများပြည်သူ အလွယ်တကူသွားလာနိုင်ရန် သက်ဆိုင်ရာမှ ပြုလုပ်ပေးထားကြောင်း၊ ဈေးရောင်းချခြင်းများကိုလည်း မြို့တွင်းကားလမ်းမကြီးများဘေးတွင် ခွင့်ပြုထားခြင်းမရှိဘဲ စောင့်ကြည့်အရေးယူခြင်းများရှိကြောင်း။

လူသွားလမ်းများတွင် အများပြည်သူအားလုံး လွယ်လင့်တကူသွားလာနိုင်ရေး ဆင်ခြေလျှောများပြုလုပ်ပေးထားရာ စက်ဘီး၊ ဆိုက်ကား၊ တွန်းလှည်းများပါ သွားလာနေသည်ကို မြင်တွေ့နေရကြောင်း၊ သို့ဖြစ်ရာ လူသွားလမ်းများပေါ်တွင် စည်းကမ်းတကျသွားလာ၍ရရေး အရေးယူဆောင်ရွက်ပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ဆိုသည်။

**ခင်ဆိုင်**



# ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရဲစခန်းဟောင်း အဆောက်အအုံ၌ မီးလောင်မှုဖြစ်ပွား

**ဖားကန့် ဇွန် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လုံးခင်းကျေးရွာ(၁) ရပ်ကွက်ရှိ ရဲစခန်းအဆောက်အအုံတစ်လုံးအတွင်း ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုသည် ယနေ့ နံနက်အစောပိုင်းတွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာသို့ ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့၊ လုံးခင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာပြည်သူများ ဝိုင်းဝန်းပူးပေါင်းငြိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

"မီးလောင်မှုဖြစ်ပွားတဲ့ အဆောက်အအုံက အရင်က လုံးခင်းရဲစခန်းအဖြစ် အသုံးပြုခဲ့တဲ့ အဆောက်အအုံဖြစ်ပြီး အဲ့ဒီမှာ မီးလောင်မှု ဖြစ်ပွားခဲ့တာပါ။ အထဲမှာ လူနှစ်ဦးသေဆုံးနေတာကိုလည်း တွေ့ရတယ်"ဟု ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ပြောသည်။

မီးလောင်မှု ဖြစ်ရသည့် အကြောင်းရင်းကို အတိအကျမသိရသေးကြောင်း၊ သို့သော်လည်း မိုးကြိုးပစ်ရာမှ လျှပ်စီးဝင်ပြီး မီးလောင်ကျွမ်းမှု ဖြစ်နိုင်သည်ဟု မီးသတ် ဦးစီးဌာနက ယူဆထားကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသည် ၂၄ ပေ × ၁၆ ပေ ရှိသည့် သွပ်မိုး၊ ပျဉ်ခင်း နှစ်ထပ်အဆောက်အအုံဖြစ်ပြီး မီးလောင်မှုကြောင့် အဆောက်အအုံအတွင်း ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်သူနှစ်ဦးမှာ သေဆုံးလျက်တွေ့ရှိရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်လွင်**

# ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာတတိယရရှိ

**ဒါနန်း ဇွန် ၁၈**

၂၀၁၇ ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ယနေ့ ညနေပိုင်းက ဒါနန်းမြို့၌ကျင်းပရာ မြန်မာအသင်း တတိယနေရာရရှိခဲ့သည်။

အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်းသည် အိမ်ရှင်ဗီယက်နမ်အသင်းကို ဂိုးမရှိသရေကစားခဲ့ပြီး အင်ဒိုနီးရှားက တရုတ် (တိုင်ပေ)ကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် အင်ဒိုနီးရှားက ခုနစ်မှတ်ဖြင့် ချန်ပီယံဆုရခဲ့ပြီး ဗီယက်နမ်က ငါးမှတ်ဖြင့် ဒုတိယ၊ မြန်မာအသင်းက နှစ်မှတ်ဖြင့် တတိယတို့ရရှိခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် အင်ဒိုနီးရှားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်ဆုံးနှစ်ပွဲတွင် တရုတ်(တိုင်ပေ)နှင့် နှစ်ဂိုးစီသရေ၊ ဗီယက်နမ်နှင့် ဂိုးမရှိ သရေကျခဲ့သည်။ မြန်မာ ယူ-၁၅ အသင်းသည် ဇူလိုင်တွင် ကျင်းပမည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**



# တာချီလိတ်၌ အမျိုးသားတစ်ဦးသေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံး

**တာချီလိတ် ဇွန် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၌ ဖုန်းပြောနေသော အမျိုးသားတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်၍ သေဆုံးသည့် ဖြစ်စဉ် ယမန်နေ့ည ၇ နာရီက ဖြစ်ပွားခဲ့သည်။

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးကြောင်း သတင်းအရ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းနု၊ မြို့မစခန်းမှူး ဒုရဲမှူး ထိန်လင်းနှင့်အဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ မကာဟိုခမ်းရပ်ကွက် မေတ္တာလမ်း တိုက်ခန်းငှားတွင် နေထိုင်သူ စိုင်းဝီး (၄၄ နှစ်)၊ ဇနီး မနန်းအောင်ခမ်းနှင့် အခြား မိန်းကလေးတစ်ဦးတို့သည် နေအိမ်အောက်ထပ် စားပွဲ၌ စားသောက်နေစဉ် ဖုန်းလာသဖြင့် စိုင်းဝီးက တိုက်ခန်းရှေ့သို့ထွက်၍ ဖုန်းပြောနေစဉ် အနီးသို့ ရှာထိုးဦးထုပ်အမည်းရောင်၊ အင်္ကျီလက်ရှည် အမည်းရောင်၊ ဘောင်းဘီဝတ်ဆင်ထားသော အမျိုးသားတစ်ဦးက သေနတ်ဖြင့် ရှစ်ချက်ခန့် ပစ်ခတ်ရာ စိုင်းဝီးက ထွက်ပြေးစဉ် တိုက်ခန်းရှေ့ လမ်းမပေါ်တွင် သေနတ် ထိမှန်သေဆုံးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**



အခင်းဖြစ်နေရာတွင်တွေ့ရသည့် ကျည်ဆန်များကို တွေ့ရစဉ်

# အဒေါ်ဖြစ်သူကိုသတ်ပြီး ရွှေငွေများယူဆောင်ထွက်ပြေးလာသူ အမျိုးသမီး ပုသိမ်မြို့၌ ဖမ်းဆီးရမိ

**ပုသိမ် ဇွန် ၁၈**

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ ပန်းမော်ကျေးရွာနှင့် ငန်းချောင်းကျေးရွာသွား လမ်းဘေးချုံအတွင်း၌ ဇွန် ၁၆ ရက် နံနက်ပိုင်းက လွန်ခဲ့သောသုံးရက်ကပျောက်ဆုံး နေသော ဒေါ်ခင်သန်းမှာ သေဆုံးနေပြီး ၎င်းဝတ်ဆင်ထားရှိသော ရွှေဆွဲကြိုး၊ ရွှေလက်စွပ်များ ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ငရုတ်ကောင်းရဲစခန်းက စုံစမ်းရာ လွန်ခဲ့သော နှစ်ရက်ခန့်က ငန်းချောင်းကျေးရွာနေ မြင့်မြင့်ခိုင်သည် ရွာမှပျောက်ဆုံးနေကြောင်း၊ ပုသိမ်မြို့မရဲစခန်းသို့ ဆက်သွယ်ပြီးအကူအညီ တောင်းသဖြင့် တပ်ဖွဲ့ဝင်များက ပုသိမ်မြို့တွင်း လှည့်လည်စုံစမ်းရှာဖွေရာ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ဂွမြို့သို့ ထွက်ခွာရန်ပြင်ဆင်နေသည့် မြင့်မြင့်ခိုင်(၃၃ နှစ်) ငန်းချောင်းကျေးရွာနေသူအား နှင်းဝေလွင်တည်းခိုခန်းတွင် ဖမ်းဆီးရမိသည်။ ၎င်းအားစစ်ဆေးခဲ့ရာ ၎င်းသည် အကြွေးထူသဖြင့် အဒေါ်ဖြစ်သူအား ချုံအတွင်း ဝါးရင်းတုတ်ဖြင့်ရိုက်နှက်ကာ ၎င်းထံမှ ရွှေငွေပစ္စည်းများယူဆောင်ထွက်ပြေးခဲ့ကြောင်း အစစ်ခံထွက်ဆိုခဲ့သဖြင့် ၎င်းအား ငရုတ်ကောင်းရဲစခန်းသို့ လွှဲပြောင်းပေးအပ်လိုက်ပြီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# အရက်သောက်ရာမှ လူသတ်မှုဖြစ်ပွား

**စလင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာအုပ်စု ကန်ရွာကျေးရွာ၌ ဇွန် ၁၇ ရက် ည ၁၀ နာရီခွဲက အတူ အရက်သောက်ရာမှ အချင်းများပြီး လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါ ညက သေဆုံးသူ ဝင်းငွေ (၃၀ နှစ်)နှင့် ညွန့်ဝေ (၃၇ နှစ်)တို့သည် အတူ အရက်ဝိုင်းဖွဲ့သောက်ကြရာမှ စကားများပြီး ညွန့်ဝေက ဓားမဖြင့်ခုတ်လိုက်ရာ ဝင်းငွေမှာ လည်ပင်းကိုခုတ်မိပြီး အခင်းဖြစ်သည့်နေရာတွင်ပင် သေဆုံးသွားသဖြင့် သေဆုံးသူ ဝင်းငွေ၏ဇနီး မစိုးစိုးဝင်းက စလင်းရဲစခန်းသို့တိုင်ကြားရာ ဒုရဲအုပ်ကျော်မြင့်ဝင်းနှင့်အဖွဲ့က ညတွင်းချင်း သွားရောက်ဖမ်းဆီးခဲ့သည်။ ပြစ်မှုကျူးလွန်သူ ညွန့်ဝေအား မြို့မစခန်းမှူးက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**

# ရေနစ်နေသူအား ဆင်းဆယ်ရာမှ နှစ်ဦးစလုံးရေနစ်သေဆုံး

**နေပြည်တော် ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး လယ်မကျေးရွာအနီးရှိ ရေကန်ထဲ၌ ဇွန် ၁၇ ရက် ညနေ ၆ နာရီက အမျိုးသမီးနှစ်ဦး ရေနစ်သေဆုံးသွားကြောင်း သတင်းအရ တိုင်တားရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ လယ်မကျေးရွာနေ မစုမြတ်နိုင်(၁၃ နှစ်)သည် တစ်ရွာတည်းနေ မပိုင်စုဟန်(၁၃ နှစ်)၊ မောင်လွင်မိုးဦးတို့နှင့်အတူ ပွေးဒူးကျေးရွာဘောလုံးကွင်းတွင် ကျောင်းသားများ ဘောလုံးကန်နေသည်ကို ကြည့်ရှုခဲ့ပြီး လယ်မကျေးရွာသို့ ပြန်လာစဉ် လမ်းရှိ ရေကန်အရောက် မစုမြတ်နိုင်သည် ရေကန်အတွင်း ခြေထောက်ဆင်းဆေးရာ ခြေချော်၍ ရေကန်ထဲပြုတ်ကျပြီး ရေနစ်နေသဖြင့် မပိုင်စုဟန်က ဆင်းဆယ်ရာမှ နှစ်ဦးစလုံးရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် မင်းတုန်းမြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ပိတ်ဆို့ရှာဖွေရေးများဆောင်ရွက်နေစဉ် လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၈၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပုသိမ်ကြီး)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ က အုန်းချောကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့၌ စစ်ဆေးရေးများဆောင်ရွက်နေစဉ် မန္တလေး-ပြင်ဦးလွင်ကားလမ်းအတိုင်း ပြင်ဦးလွင်မြို့ပဒေသာမြို့သစ်နေ ဂနီ(၃၈ နှစ်)မောင်းနှင်လာသော 7F/--- Honda Odyssey ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့်အပြင် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသောကြောင့် ဂနီအား အုန်းချောနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရုတ်တရက်မြေပြိုကျ ပိမိ၍ လူတစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကော်တောကျေးရွာအနီး ဇွန် ၁၆ ရက် ညနေ ၅ နာရီခွဲက ခမ်းပတ်တောင် "အေးငြိမ်းခေ" ရွှေတူးဖော်ရေးကုမ္ပဏီ၌ ရွှေမျှောလုပ်ကိုင်သူတစ်ဦး မြေပြိုပြီး မြေစာများပိမိ၍ သေဆုံးသွားကြောင်းသတင်းအရ ဗန်းမောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဗန်းမောက်မြို့နယ် ညောင်ပင်သာကျေးရွာနေ အောင်သိုက်(၂၇ နှစ်)သည် ကျောက်မြေဖြုန်းများသယ်နေစဉ် ရုတ်တရက်မြေပြိုကျပိမိသောကြောင့် သေဆုံးသွားသဖြင့် ဗန်းမောက်မြို့မရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

မူးယစ်တပ်ဖွဲ့စု(၃၉)ရေးမှ ပူးပေါင်းအဖွဲ့သည် ရေးမြို့နယ် ရင်းဒိန်ကျေးရွာ၌ ဇွန် ၁၇ ရက် ညနေ ၆ နာရီခန့်က ပလိုင်တိန်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၄၈ ပြား၊ ဘိန်းစာရွက် ၀ ဒသမ ၀၆၅၂ ကီလိုနှင့် မြန်မာငွေကျပ် ၁၅၀၀၀ တို့ကိုလည်းကောင်း၊ ယမန်နေ့ ည ၇ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ကလော-သာစည် သွားလမ်းပေါ်တွင် စိုင်းသူရ မောင်နှင်ပြီး ရန်အောင်စိုးနှင့် စိုင်းမြင့်ဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိုင်းသူရထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# သူငယ်ချင်းများနှင့်အတူ ရေဆင်းချိုးရာမှ ကလေးတစ်ဦးရေနစ်သေဆုံး

**နေပြည်တော် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ခင်ဦးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၇ ရက် ညနေ ၅ နာရီခွဲက ရေနစ်သေဆုံးသည့် ကလေးတစ်ဦး ဇီးကုန်းဆေးရုံ၌ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ကန့်ဘလူမြို့နယ် ဇီးကုန်းမြို့ အောင်သိဒ္ဓိရပ်နေ မောင်ဘုန်းမြတ်မင်းဝေ(၁၀ နှစ်)သည် သူငယ်ချင်းနှစ်ဦးနှင့်အတူ မိုးနတ်ကျေးရွာထိပ် မူးဘောင်၏ ရေကျော်အနီးတွင် ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရ၍ ခင်ဦးမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
စီးနင်းမှုစုံအထွက်(၄၅၊ ၃၃၊ ၂၅၊ ၁၈၊ ၁၄၊ ၁၀၊ ၇)စီးယာဉ်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

## အမည်မှန်

ဦးသန်းဇော် ၁၂/သဃက(နိုင်)၁၅၀၀၅၃ ၏သမီး အလက(၂) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အဌမတန်း(C) မှ မဇင်သူသူထက်၏ အမည်မှန်မှာ မဇင်သူသူဇော် ဖြစ်ပါသည်။

**မဇင်သူသူဇော်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ မဥ္ဇူ(၃)လမ်း၊ အမှတ် A-၁၀၆၊ ဦးကြည်သိန်း၊ ဦးခင်မောင်ဝင်းအမည်ပေါက် ပေ(၄၀×၆၀)ခြံမြေအား လက်ရှိပိုင်ရှင် ဒေါ်လှလှဌေးထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သန်းသန်းအေး ၁၂/သကတ(နိုင်)၀၃၂၅၉၇ သည် အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ LL.B (တရားလွှတ်တော်ရှေ့နေ)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ လူနေရပ်ကွက်အမှတ် F.M.I အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၆၀၈/ခ၊ ဧရိယာ ၀ ဒသမ ၁၀၄ ဧက၊ အကျယ်အဝန်း ၄၅၀၉ စတုရန်းပေရှိ ဦးမင်းသူရ ၁၂/မဂတ(နိုင်)၀၇၁၂၅၄ နှင့် ဒေါ်ခင်ဖြူဝင်း ၁၂/မဂတ(နိုင်)၀၄၃၇၀၄တို့ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် အိုင် ၉၊ ဂန္ဓမာ ၇ လမ်း၊ F.M.I City အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူများထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၉-၆-၂၀၁၇ ရက်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချို (စဉ်-၆၃၂၀) တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၆၄/၆၆၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၈၈၅၄၉**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှော်ကစ်စမ်း
နိုင်ငံတကာသတင်းဂျာနယ်
2017 JUNE 19 TO 25, MONDAY | 1115 |
အထူးအမြင် ဆောင်းပါးအလွှာ
တရုတ်နိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာ
ရုရှားနှင့် တရုတ်ကိုတိုက်ရန် အမေရိကန်၏စစ်ရေးမဟာဗျူဟာ
အိန္ဒိယသမုဒ္ဒရာထဲက အမေရိကန်၊ အိန္ဒိယနှင့်တရုတ်တို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်း
အမေရိကန်တို့ ပစိဖိတ်ဒေသကို လက်လွှတ်ဆုံးရှုံးရတော့မည်လော
ရန်ဖြစ်နေကြမည့်အစား ဘောလုံးပဲကစားကြတာပေါ့
အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနိုင်ငံတို့ကြားက မပြီးဆုံးနိုင်သည့် နာဂိုနိကာရာဘတ်ဒေသ အငြင်းပွားမှု
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေးကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

**ပျောက်ဆုံးခြင်း**

နန်းခင်ထွေးကြည် ၃/ဘအန(နိုင်)၁၅၀၄၅၁ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၄၈၉၆၈၈

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၁/မမ/CE | (၆" x ၉")ကျောက်ကြီး (၆၀၀)ကျင်း ဝယ်ယူရန်<br>(က) တိုင်း(၂)နယ်မြေ ကင်းဘူတာ ရထားတွဲပေါ်အရောက်(၄၀၀)ကျင်း<br>(ခ) တိုင်း(၂)နယ်မြေ ရှပြေးဘူတာ ရထားတွဲပေါ်အရောက်(၂၀၀)ကျင်း |
| ၂ | ၃၂/မမ/CE | Track Jack 8 Ton (25 Nos) နှင့် Hand Tie Tamper with 4 tamping Tools & 5 KVA Generator (2 Set) ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် အမှတ်စဉ်(၁) ၂၉.၆.၂၀၁၇ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ
အမှတ်စဉ်(၂) ၂၀.၇.၂၀၁၇ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၉.၆.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၆၁၊ ပထမထပ်(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပူးတွဲဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကြည် ၁၂/စခန(နိုင်)၀၀၃၉၆၃ နှင့် ဒေါ်မြင့်ကြည် ၁၂/စခန(နိုင်)၀၀၃၉၆၁ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နှင်းပွင့်ဇင်(ခ)မသန္တာအောင် LL.B (အထက်တန်းရှေ့နေ) (စဉ်-၄၈၅၃၅)**
**အမှတ် ၄၃၁၊ မြရတနာ(၄)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၃၈၉၆၇၇၊ ၀၉-၂၆၀၄၀၁၀၇၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/6090 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/4923 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

# ကျွန်တော်နဲ့ မန္တလေး

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်



အခုတလော ကျွန်တော်ဟာ Business For Peace (B4P) လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးဆွေးနွေးပွဲတွေ လုပ်ခဲ့ပါတယ်။ ဧပြီလ ၄ရက်နေ့တုန်းက ရန်ကုန်မှာလုပ်ပြီး ဇွန်လ ၁၃နဲ့ ၁၄ရက်နေ့တွေမှာ မော်လမြိုင်နဲ့ဘားအံမြို့တွေမှာ လုပ်ခဲ့တယ်။ ဇွန်လ ၂၈ ရက်နေ့တုန်းက မန္တလေးမြို့မှာလုပ်ခဲ့တဲ့အကြောင်း မျှဝေချင်ပါတယ်။ အမှန်တော့ မသွားမီတစ်ပတ် အလိုမှာ မြန်မာနိုင်ငံ စက်မှု၊ လက်မှုနဲ့ ကုန်သည်ကြီးများအသင်းကြီးရဲ့ အလုပ်အမှုဆောင် အစည်းအဝေးမှာ ကျွန်တော် (B4P) အကြောင်းရှင်းပြခဲ့တယ်။ ကုန်သည်အသင်းရဲ့လူကြီးတွေ သဘောပေါက်ရုံ မဟုတ်ဘဲပါဝင်ဖို့၊ ကူညီဖို့အရေးကြီးတာ။ ဒီအစည်းအဝေးမှာ မန္တလေးကဦးကျော်မင်းက ဆရာလာမယ် မဟုတ်လားလို့ပြောတဲ့အတွက် ကိုယ့်အတွက်လုပ်ရမယ့် ကိစ္စတစ်ခုအကြွေးတင်နေခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင် အသင်းကြီးရဲ့ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့ကလည်း မန္တလေးမှာတာဝန်ရှိတဲ့ သူတွေနဲ့ ဆွေးနွေးပွဲရှိတာမို့ ၂၈ရက်နေ့ကို အတည်ပြုလိုက်တယ်။ အခုလို (B4P) နဲ့ပတ်သက်ပြီး တစ်ပွဲပြီးတစ်ပွဲ လုပ်ခဲ့တာမို့ တစ်ပွဲနဲ့တစ်ပွဲပြောတာကို မထပ်အောင်လို့ ဦးနှောက်စားခဲ့တယ်။ ပရိသတ်တွေက မတူတာမို့ သူတို့မသိပေမယ့် ကိုယ်ကသိနေတော့ခက်တယ်။ ပြောပြီးတာကို ထပ်ပြောရတာလည်းအာရုံမရဘူး။ ဒါကြောင့် မန္တလေးအတွက် ပုံစံတစ်မျိုးပြင်ရပြန်တယ်။

လုပ်မယ့်နေရာက MRCCI လို့ခေါ်တဲ့ မန္တလေးကုန်သည်ကြီးများနဲ့ စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တည်ရှိရာ (Diamond Plaza)။ ဒီနေရာက ကျွန်တော်ရင်းနှီးတဲ့နေရာ၊ မကြာခဏ ဟောပြောပွဲတွေ လုပ်ခဲ့တဲ့နေရာ၊ လုပ်တိုင်းလည်း တစ်ခုခုတော့ ကသိကအောက်ဖြစ်ရတယ်။ ဘာမှမဟုတ်ပေမယ့် ဖြစ်တဲ့အချိန်မှာတော့ စိတ်အနှောင့်အယှက်ဖြစ်ရတယ်။ အရင်ပွဲတွေရဲ့ အတွေ့အကြုံကြောင့်လည်း ပရိသတ်တွေ ရှိအောင် ကြိုးစားကြဖို့ အဖွဲ့သားတွေကို သတိပေးခဲ့တယ်။ လုပ်မယ့်နေရာကို မွန်းလွဲ ၁ နာရီ မထိုးမီရောက်ခဲ့တယ်။ ရှေ့တစ်ပွဲက ၁၂ နာရီမှပြီးလို့ အချိန်တွေပိုခဲ့တာမို့ ကျွန်တော် ရောက်မှ ရှေ့ပွဲမှာ ဦးဆောင်ဆွေးနွေးတဲ့ ဒုတိယဝန်ကြီးက ခတ်လေ့ကားကဆင်းလာလို့ သူ့ကို နှုတ်ဆက်ပြီး ခန်းမကို သွားခဲ့တယ်။ ကြိုနေတဲ့ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ လူကြီးတွေက ဧည့်ခန်းမှာ စောင့်နေကြတယ်။ ကျွန်တော် သူတို့ကို ခဏနှုတ်ဆက်ပြီး ဟောပြောပွဲ အခမ်းအနားကိုသွားကြည့်တယ်။ အခမ်းအနား အပြင်အဆင်၊ ပရိသတ်အခြေအနေနဲ့ ကွန်ပျူတာကို သွားစစ်တယ်။ သေချာပြီဆိုမှ ဧည့်ခန်းထဲ ပြန်သွားခဲ့တာ။ ဟိုရောက်တော့ ဝန်ကြီးနှစ်ဦးနဲ့ ရန်ကုန်က အသင်းချုပ်ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဥက္ကဋ္ဌတို့က ထမင်းစားဖို့စောင့်နေကြတယ်။ ကျွန်တော်နဲ့အတူအပေါ်တက်လာသူကတော့ ဝန်ကြီးဦးမြတ်သူ။ စီးပွားရေးတက္ကသိုလ်တုန်းက ခြေလျင်တောင်တက်အသင်းရဲ့အတွင်းရေးမှူး။ ကျွန်တော်က ဥက္ကဋ္ဌ၊ ရင်းနှီးတယ်။ သူတို့အဖွဲ့ကို အနုန်းတောဆောင် ညဘက် စာသင်ပေးခဲ့တာ အမှတ်ရနေမိတယ်။ နောက်တော့ သူက ညွန်ကြားရေးမှူးချုပ်ဖြစ်ပြီး အခုတော့ ဝန်ကြီးဖြစ်နေပြီ။ သူနဲ့ ကျွန်တော်တို့နှစ်ယောက်က ထမင်းစားပြီးတာမို့ ဣန္ဒြေရနေတာ။ ကျန်တဲ့သူတွေကြည့်ရတာ ထမင်းဆာနေတဲ့ပုံ။ မေးကြည့်တော့ ပထမထမင်းဆိုင်မှာ မှာထားတာ မစုံလို့ ဒုတိယထမင်းဆိုင်မှာ မှာထားတယ်လို့ ပြောတယ်။ ဧည့်ခန်းစားပွဲပေါ်မှာက လက်ဖက်သုပ်ကို ယွန်းအစ်ထဲမှာ ထည့်ထားတာတွေ့ရပြီး သရက်သီးအချိုပွဲလည်းတွေ့ရတယ်။ ထုံးစံအတိုင်း ကျွန်တော်က စိတ်မြန် လက်မြန်နဲ့ ယွန်းအစ်ကိုကိုင်ပြီး လာသွားကြမယ် ဆိုပြီး ထမင်းစားခန်းထဲအားလုံးကို ခေါ်သွားခဲ့တယ်။ တချို့က လည်း ကိုယ်အရှေ့ကရှိတဲ့ ယွန်းအစ်တွေကို သယ်လာကြတယ်။ သရက်သီးပန်းကန်တွေကိုလည်း ယူလာကြတယ်။ ထမင်းစားခန်းထဲမှာ ထမင်းအုပ်တွေတော့ အတော်အဆင်ပြေသွားတယ်။ ကဲလက်ဖက်နဲ့ ထမင်းစားရခဲ့တယ်။ စားကြရအောင်ဆိုပြီး ကိုယ်လည်း ဝင်စားခဲ့တယ်။ လူကြီးတွေက ဆာနေကြလို့ တူပါရဲ့

> **ကျွန်တော်တို့နိုင်ငံမှာ အစိုးရအသစ်ဟာ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးပြီး ဆောင်ရွက်လျက်ရှိတယ်။ တိုင်းပြည်မငြိမ်းချမ်းလို့ ဖွံ့ဖြိုးမှုနည်းခဲ့တာကို ယုံကြည်ခဲ့တယ်။ ဒါကြောင့်လည်း ဖွံ့ဖြိုးမှုရရှိအောင် ငြိမ်းချမ်းရေးကို အာရုံစိုက်နေတာဖြစ်တယ်**

လက်ဖက်နဲ့ထမင်းကို မြိန်ရည်ရှက်ရည် စားကြတယ်။ သူတို့ စားနေတာ မြင်ပြီး အမှန်တော့ ဆာနေတဲ့အချိန် ဘာနဲ့စားရ စားရ အာဟာရဖြစ်တာပါပဲ။ နောက်ဆို ဒီအတိုင်းလုပ်သင့်တယ်။ လူကြီးတွေရဲ့ဧည့်ခံပွဲမှာ ဟင်းပွဲတွေ မပြင်ဘဲ လက်ဖက်နဲ့ကျွေးရင် ဖြစ်တာပါပဲ။ သက်သာလိုက်မယ့် စရိတ်တွေ၊ အိမ်ရှင်လုပ်တဲ့သူတွေကတော့ မျက်စိမျက်နှာပျက်နေကြတယ်။ နားလည်ပါတယ်။ ကိုယ်အိမ်ရှင်ဖြစ်ရင်လည်း ဒီလိုဖြစ်မှာပဲ။ ဒါပေမယ့် ဒီလိုဖြစ်တာဟာ အင်မတန် ကောင်းတဲ့သင်ခန်းစာ တစ်ခုရလိုက်တယ်။ မလိုအပ်တဲ့ အစားအသောက်တွေ တည်ခင်းနေတာမှန်ရဲ့လား။ ပေါ့ပေါ့ပါးပါးဖြစ်အောင် မလုပ်သင့်ဘူးလား။ ဟင်းပွဲအများကြီးကျွေးဖို့ လိုသလား။ စဉ်းစားစရာတွေပါပဲ။ အားလုံးစားပြီးခါနီးမှ ငါးချိုချဉ်တွေ အကောင်လိုက် ရောက်လာတယ်။ ကျန်တဲ့ဟင်းတွေက မလာသေးဘူး။ လူကြီးတွေမစားဖြစ်တာကို အကူအညီပေးနေကြတဲ့ကလေး တွေကို ကျွေးနိုင်တာပါပဲ။

ထမင်းစားကြပြီး အခမ်းအနားထဲသွားခဲ့ကြတယ်။ ခန်းလုံးပြည့် နေရာမဆံ့လို့ ခုံတွေထပ်တိုးနေကြတယ်။ ကျွန်တော်က ပရိသတ်တွေကို ကြိုက်တယ်။ များလေလေ ကောင်းလေလေ၊ သူတို့ဆီက ခွန်အားရတယ်။ ရန်ကုန်မြို့က မနက်က အစည်းအဝေးအတွက် လာကြတဲ့ ဝိသာခါဖောင်ဒေးရှင်းက ဒေါက်တာစုလှဟန်တို့အဖွဲ့က နေရာယူထားတာ တွေ့ရတယ်။ သူတို့အဖွဲ့က မနက်ပိုင်းမှာ မင်္ဂလာမန္တလေးမှာ အမျိုးသမီးတွေအတွက် ပွဲတစ်ခုလုပ်ခဲ့ပြီး ကျွန်တော်တို့ပွဲကို ကူးလာတယ်။ မနက်ပွဲမှာ ဒေါက်တာဝင်းမင်းသစ် လာပါတယ်။ ဟောတဲ့သူက ကျွန်တော်တို့အဖွဲ့ဝင်ဒေါ်ခိုင်ခိုင်နွယ်။ ဒီပွဲကျင်းပဖို့ အကြောင်းကို ဒုတိယ အကြိမ် ပင်လုံငြိမ်းချမ်းရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတုန်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင်နဲ့ ပြောဖြစ်တယ်။ သူလည်းတက်ဖို့အစီအစဉ် ရှိပေမယ့် အရေးပေါ်အစီအစဉ်ကြောင့် ခရီးပန်းနေတာ။ သူ့ကိုယ်စား ဝန်ကြီးသုံးဦးတက်ရောက်အားပေးကြတယ်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးဦးစိုင်းကျော်ဇောက အဖွင့်မိန့်ခွန်းပြောခဲ့တယ်။ သူက ပင်လုံညီလာခံကို ပူပူနွေးနွေး တက်ရောက်လာခဲ့သူဖြစ်တာမို့ သူ့ရဲ့အတွေ့အကြုံတွေ မျှဝေနိုင်ခဲ့တယ်။ ဥက္ကဋ္ဌဦးဇော်မင်းဝင်းက ကုန်သည်၊ စက်မှုအသင်းချုပ် ကိုယ်စား မိန့်ခွန်းပြောပြီး ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ရဲ့ သဝဏ်လွှာကို မန္တလေးအခြေစိုက် တိုင်းရင်းသားဝန်ကြီးရုံးမှ အရာရှိက ဖတ်ကြားပေးခဲ့တယ်။

ကျွန်တော့်အလှည့်ရောက်တော့ (B4P)အကြောင်း မရှင်းပြမီ ဖွံ့ဖြိုးမှုအကြောင်း ဆွေးနွေးခဲ့တယ်။ ကျွန်တော်တို့ နိုင်ငံမှာ အစိုးရအသစ်ဟာ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးပြီး ဆောင်ရွက်လျက်ရှိတယ်။ တိုင်းပြည်မငြိမ်းချမ်းလို့ ဖွံ့ဖြိုးမှုနည်းခဲ့တာကို ယုံကြည်ခဲ့တယ်။ ဒါကြောင့်လည်း ဖွံ့ဖြိုးမှုရရှိအောင် ငြိမ်းချမ်းရေးကို အာရုံစိုက်နေတာဖြစ်တယ်။

ဒါပေမယ့် စဉ်းစားရမှာက ဘယ်လိုဖွံ့ဖြိုးမှုမျိုးလိုချင်သလဲ။ ဖွံ့ဖြိုးမှုလို့ပြောရင် ဘာကိုရည်ရွယ်တာလဲ။ ဒါကြောင့်လည်း ကျွန်တော်က မန္တလေးပွဲမှာ ဖွံ့ဖြိုးမှုပုံစံအမျိုးမျိုးကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဖွံ့ဖြိုးမှုပေတံက ၁၉၉၀ ပြည့်နှစ်မတိုင်မီ ဝင်ငွေပေတံကိုသာ သုံးစွဲခဲ့တယ်။ တစ်နည်းပြောရင် ဂျီဒီပီ ပေတံဖြစ်တယ်။ တစ်ဦးချင်းပျမ်းမျှဝင်ငွေကို အခြေခံပြီး ဖွံ့ဖြိုးမှုကို သတ်မှတ်တယ်။ ဒါကြောင့်လည်း အစိုးရတိုင်းဟာ တစ်ဦးကျဝင်ငွေတိုးပွားအောင် ကြိုးပမ်းကြတယ်။ ဒီစီးပွားရေးပေတံကို အခြေခံပြီး နိုင်ငံတွေကို တန်းစီဇယားဆွဲခဲ့ကြတယ်။ ၁၉၉၀ ပြည့်နှစ်မှာတော့ ဖွံ့ဖြိုးမှုနဲ့ ပတ်သက်လို့ တစ်ချိန်လုံး စဉ်းစားလာခဲ့တဲ့ အယူအဆကို အစားထိုးခဲ့တယ်။ ဒီပေတံအသစ်ကို ဖော်ထုတ်ခဲ့သူတွေအနက် အထင်ရှားဆုံးကတော့ ပါမောက္ခ အမတ္တရာဆင်းပဲဖြစ်တယ်။ သူနဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေဟာ လူသားဖွံ့ဖြိုးမှုညွှန်ကိန်းတစ်ရပ်ကို ဖော်ထုတ်ခဲ့တယ်။ ဒီညွှန်းကိန်းအရ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးမှုဟာ ဝင်ငွေအပြင် ကျန်းမာရေး၊ ပညာရေးပေတံတွေ အသုံးချဖို့ လက်ခံခဲ့ကြတယ်။ ဒါကြောင့် ဝင်ငွေအရနိမ့်ကျပေမယ့် ကျန်းမာရေးကောင်းတဲ့နိုင်ငံတွေ၊ ပညာရေး အဆင့်အတန်းမြင့်မားတဲ့နိုင်ငံတွေရှိတာ တွေ့ရတယ်။ ၂၀၀၀ပြည့်နှစ်မှာတော့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုကို ထောင်စုနှစ် ရည်မှန်းချက်နဲ့ တိုင်းထွာပြန်တယ်။ ဒီထောင်စုနှစ် ရည်မှန်းချက်တွေမှာ ဆင်းရဲနွမ်းပါးမှု၊ ကျန်းမာရေး၊ ပညာရေး ပေတံတွေအပြင် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုပေတံနဲ့ နိုင်ငံအချင်းချင်း ပူးပေါင်းအားထုတ်ဆောင်ရွက်မှုတွေကို တင်သွင်းခဲ့တယ်။ ၂၀၁၀မှာတော့ ဘူတန်နိုင်ငံဘုရင်မင်းမြတ် ဖော်ထုတ်ခဲ့တဲ့ အမျိုးသားစိတ်ချမ်းသာမှု ညွှန်ကိန်းကို တစ်ကမ္ဘာလုံးက လက်ခံခဲ့တယ်။ ဝင်ငွေ၊ ကျန်းမာရေး၊ ပညာရေး၊ ပတ်ဝန်းကျင် အပြင် ယဉ်ကျေးမှုမတူ ကွဲပြားမှုကိုလက်ခံနိုင်မှု၊ အချိန်သုံးစွဲမှု စတာတွေကို ထည့်သွင်းခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာတော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် (၁၇) ချက်ကို ကုလသမဂ္ဂ အဖွဲ့ကပင် နိုင်ငံဝင်တွေအားလုံးက လက်ခံခဲ့တယ်။ အထူးခြားဆုံးရည်မှန်းချက်က ရည်မှန်းချက် (၁၆)ဖြစ်တယ်။ ဒီရည်မှန်းချက်မှာ ငြိမ်းချမ်းရေး၊ တရားမျှတရေးနဲ့ တောင့်တင်းခိုင်မာတဲ့ အဖွဲ့အစည်းများကို ထည့်သွင်းထားတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ရည်မှန်းချက်ဟာအမှန်တော့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် တစ်ခုသာဖြစ်တယ်။

ကျွန်တော်က အခုလိုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှုအကြား တည်ရှိနေတဲ့ ဆက်စပ်မှုကို ဆွေးနွေးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပုဂ္ဂလိကကဏ္ဍ ပါဝင်ပတ်သက်ဖို့ တိုက်တွန်းခဲ့တယ်။ တင်ပြပြီးချိန်မှာ အမေးအဖြေကဏ္ဍ လုပ်ဖြစ်ခဲ့တယ်။ တက်ရောက်ကြသူတွေအနက် လုပ်ငန်းရှင်တွေပါဝင်သလို ဝန်ထမ်းတွေလည်း ပါဝင်ကြတယ်။ ထူးဆန်းတာက အလုပ်သမားသမဂ္ဂ အဖွဲ့ဝင်တွေလည်း တက်ရောက်လာခဲ့တယ်။ လူငယ်စွန့်ဦးတီထွင် အဖွဲ့ကလည်း ဝတ်စုံတွေနဲ့အင်အားဖြည့်ထားတာ။ မေးခွန်းတွေကလည်းကောင်းပါတယ်။ တချို့ကတော့ ဖြေလို့မရတဲ့ မေးခွန်းတွေ။ ဒါကြောင့်လည်း မေးတိုင်းဖြေစရာမလိုအပ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ်ဆင်ခြင်ရတယ်။ ဖြေချင်တဲ့ဇောနဲ့ဖြေမိရင် ပြဿနာတက်နိုင်တယ်။ မေးတဲ့သူကတော့ ကျေနပ်မှာမဟုတ်ပေမယ့် စင်ပေါ်ရောက်ရင် အစစအရာရာ သတိထားရတယ်၊ ဆင်ခြင်ရတယ်။ လူပုံအလယ် စိတ်ရှိတိုင်းပြောလို့ဖြစ်တာ မဟုတ်ဘူး။ ပြီးတော့လည်း ကျွန်တော်ပြောတာတွေ တိုက်ရိုက်ထုတ်လွှင့်နေတာမို့ ပိုပြီးသတိရှိရတယ်။ မေးခွန်းမေးချင်သူတွေ ရှိပေမယ့် အချိန်အကန့်အသတ်ကြောင့် ဥက္ကဋ္ဌနဲ့အတူ သဘောတူလက်မှတ်ထိုးပြီး လေဆိပ်ကိုပြေးခဲ့ရတယ် "မောတော့ မောတာပေါ့၊ ဒါပေမယ့်ကိုယ်မမောဘူး" လို့ပြောရမလားမသိဘူး။

## ဇန့်ကျီဝန် ဦးထောင်ဗိုလ် တည်ထားခဲ့သော ဓာတ်ပေါင်းမဥ္ဇူဘုရားပွဲတော်ဈေးကြီး စည်ကားသိုက်မြိုက်စွာကျင်းပ

နှစ်စဉ် နယုန်လပြည့်ကျော် ၅ ရက်မှ နယုန်လပြည့်ကျော် ၁၀ ရက်အထိ ကျင်းပလာခဲ့သော ဆားလင်းကြီးမြို့ ဇန့်ကျီဝန် ဦးထောင်ဗိုလ် တည်ထားခဲ့သော ဓာတ်ပေါင်းမဥ္ဇူဘုရားပွဲတော်ကြီးသည် ယခင်နှစ်များထက် ပိုမိုစည်ကားလာကြောင်း တွေ့ရသည်။

ယင်းဘုရားပွဲကြီးနှင့်အတူ ရိုးရာဓလေ့တစ်ခုဖြစ်သည့် မောင်တော်ကြိုပွဲ (သို့) တောင်တော်ကြို နတ်ပွဲကိုပါ ပူးတွဲကျင်းပလျက်ရှိသောကြောင့် နတ်တက်ရင်း၊ ဈေးဝယ်ရင်း၊ ဘုရားဖူးရင်း အကြောင်းအမျိုးမျိုးဖြင့် လာရောက်ကြသောရပ်နီး၊ ရပ်ဝေးမှ ဧည့်ပရိတ်သတ်များကလည်း များပြားလှပေသည်။



မော်တော်ယာဉ်နှင့်တစ်မျိုး၊ ဆိုင်ကယ်နှင့်တစ်ဖုံ ပွဲခင်းလမ်းတစ်လျှောက် ကြက်ပျံမကျ စည်ကားနေခဲ့သည်။ တစ်နှစ်မှာ တစ်ခါသာ ကျင်းပသော ပွဲတော်လည်းဖြစ်၊ အိမ်အသုံးအဆောင်၊ တောင်သူဦးကြီးများ၏ တောအသုံးအဆောင်များကလည်း ယခုလိုပွဲမျိုးမှာသာ ရောင်းဝယ်ကြရသဖြင့် မြို့နယ်သူ မြို့နယ်သားတို့ အားကျဝယ်ယူသည့် ပွဲတော်လည်း ဖြစ်လေသည်။ တောထွက် အသီးအနှံဖြစ်သော ခရမ်းသီးခြောက်၊ သခွပ်ပွင့်ခြောက်၊ မန်ကျည်းရွက်ခြောက် အစရှိသည်မှ လူသုံးကုန်ပစ္စည်း အမျိုးမျိုးနှင့် အဝတ်အထည်စသည့် အိမ်အသုံးအဆောင်ပစ္စည်းများလည်း ဈေးလည်းချိုသာ လိုသလောက်ဝယ်ယူကြရ၍ ဒေသခံများ အခေါက်ခေါက်အခါခါ လာရောက်ဝယ်ယူနေကြ၍လည်း အထူးစည်ကားလှလေသည်။

ဇန့်ကျီဝန် ဦးထောင်ဗိုလ် တည်ထားခဲ့သော ဘုရားစေတီတော်ကြီးသည် ဆားလင်းကြီးမြို့အရှေ့အရပ်တည့်တည့်ကနေ ဖူးတွေ့နိုင်ပြီး စေတီတော်ကြီးမှာ ဖိနပ်တော်အခင်း တောင်-မြောက် ၇၁ ပေ၊ ဉာဏ်တော် ၇၅ တောင် အမြင့်ရှိပြီး၊ စေတီတော်ကြီး၏ ကုန်းတော်ပတ်ဝန်းကျင်တွင် တောင်-မြောက် ၂၉ ပေ၊ အရှေ့-အနောက် ၂၅၆ ပေရှိ ထုထည်ကြီးမားသော အုတ်တံတိုင်းနှင့် မုခ်များသည် စေတီတော်ကြီးနှင့်လိုက်ဖက်ပြီး တစ်ချိန်က ဗုဒ္ဓဘာသာယဉ်ကျေးမှုများ၏ အတိမ်အနက်ကို ဖော်ပြနေပေသည်။

နှောင်းလူတို့အနေဖြင့် ယခုလို ဗုဒ္ဓဘာသာယဉ်ကျေးမှုအမွေအနှစ်များကို မပျက်မစီး ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသလို ပွဲတော်လာပရိတ်သတ်အနေဖြင့်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို အရုပ်ဆိုး အကျည်းတန်စေမည့် လုပ်ကိုင်ဆောင်ရွက်ခြင်းများ ရှောင်ကြဉ်သင့်ကြကြောင်း ပွဲတော်လာ သက်ကြီးတစ်ဦး၏ စကားသံအချို့ကိုလည်း ကြားသိရသည်။ အဝေးရောက်နေသော ဆားလင်းကြီး မြို့နယ်သူ/မြို့နယ်သားတို့ ပြန်လည်ဆုံတွေ့ကြရသည့် ပွဲတော်လည်းဖြစ်၊ ဈေးရောင်း၊ ဈေးဝယ်တို့ ဝမ်းသာကြည်နူးစွာ အရောင်းအဝယ်ကောင်းကြသော ဘုရားပွဲလည်း အမှန်၊ နတ်ပွဲလည်း ဧကန်ဖြစ်သော ဆားလင်းကြီးမြို့က ဓာတ်ပေါင်းမဥ္ဇူဘုရားပွဲတော်ကြီး (သို့)တောင်တော်ကြိုပွဲတော်ကြီးသို့ ကြုံကြိုက်လျှင် တစ်ခါတစ်ခေါက် လေ့လာကြည့်ရှုလည်ပတ်နိုင်ကြပါစေဟု ဆန္ဒပြုရင်းပွဲတော်ကြီး အကြောင်း တစ်စေ့တစ်စောင်းရေးသား ဖော်ပြလိုက်ရပါသည်။

**ဦးငယ်(ဆားလင်းကြီး)**

# တောင်သူများဘဝ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ -သိခ်**

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် စားနပ်ရိက္ခာနှင့် အာဟာရ ပြည့်ဝဖူလုံပြီး အထွက်နှုန်းမြင့်မား၍ ရာသီဉတု ဒဏ်ခံနိုင်သော စိုက်ပျိုးရေးကဏ္ဍမှ ကမ္ဘာ့ဈေးကွက်ကို ယှဉ်ပြိုင်နိုင်ကာ ကျေးလက်နေလုပ်ကွက်ငယ်တောင်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်အတွက် စီမံအုပ်ချုပ်ရေး၊ ထုတ်လုပ်မှုတိုးတက်ရေးနှင့် ယှဉ်ပြိုင်စွမ်းအား မြင့်မားရေး စသည်ဖြင့် မဏ္ဍိုင်သုံးရပ်ထားကာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခု အစိုးရသစ်လက်ထက်တွင် ထုတ်ပြန်ခဲ့သည့် စီးပွားရေးမူဝါဒ ၁၂ ချက်နှင့်အညီ ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များ ၂၀၁၆ ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များကို ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ Agricultural Development Strategy(ADS)က တတိယမူကြမ်းကို နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် ADB၊ FAO နှင့် LTFT Fund တို့၏ နည်းပညာ အကူအညီဖြင့် ရေးဆွဲပြုစုခဲ့ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒုတိယကာလတို ငါးနှစ် လယ်ယာကဏ္ဍ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူကြမ်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် စတင်ရေးဆွဲ ပြုစုခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလကုန်တွင် တတိယမူကြမ်းအထိ ပြုစု ရေးဆွဲနိုင်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

“ ဒီတတိယမူကြမ်းကလည်းပဲ ဝန်ကြီးဌာနရဲ့ လယ်ယာကဏ္ဍမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ ဘက်စုံက ရေးဆွဲထားသော်လည်း တတိယမူကြမ်းနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ သဘောထားအမြင်နဲ့ ပြည်သူအားလုံး ပူးပေါင်းပါဝင်တဲ့ သဘောထားအကြံဉာဏ်တွေ ရယူပြီးတော့ မဟာဗျူဟာ မူကြမ်းကြီးကို ပြည့်ပြည့်စုံစုံနဲ့ ရေးဆွဲမယ်ဆိုရင် ပိုပြီးတော့ ကောင်းကောင်းမွန်မွန်ဖြစ်မယ်။ ပိုပြီးတော့လည်း အထောက်အကူဖြစ်မယ်။ နောက်ပြီးတော့ အားလုံးလည်း ပူးပေါင်းပါဝင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၇ နေရာမှာ ၂၀၁၇ ခုနှစ် မေလဒုတိယပတ်ကနေ ဇွန်လ ပထမပတ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေ အဖွဲ့ငါးဖွဲ့ခွဲပြီးတော့ တာဝန်ပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်ကတော့ အဖွဲ့အမှတ်(၅) ရဲ့ ခေါင်းဆောင်ဖြစ်ပြီး ကျွန်တော်တို့အဖွဲ့က နေပြည်တော်မှာ မေ ၁၀ ရက်က တတိယမူကြမ်းအပေါ် ပြည်သူတွေရဲ့ သဘောထားအမြင်နဲ့ အကြံဉာဏ်ကို ရယူတဲ့ အခမ်းအနား ကျင်းပခဲ့တယ်။ မေ ၁၅ ရက်မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နဲ့ မေ ၂၂ ရက်နဲ့ ၂၃ ရက်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တို့မှာရှိတဲ့ တောင်သူလယ်သမားတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ NGO တွေ၊ INGO တွေ သူတို့အားလုံး ပူးပေါင်းပါဝင်တဲ့ သဘောထားအကြံဉာဏ်ရယူတဲ့ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ မေ ၃၁ ရက်မှာတော့ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ အဖွဲ့အစည်းတွေ၊ တောင်သူအစုအဖွဲ့တွေ ပါဝင်တဲ့ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

လုပ်ငန်းပမာဏမှာ ကျယ်ပြန့်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ များပြားလှသောကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပူးပေါင်းပါဝင်သည့် အမျိုးသားအဆင့် မဟာဗျူဟာ တစ်ရပ် ဖော်ဆောင်နိုင်ရန် အကြံပြုလာကြသည့်အတွက်လည်းကောင်း၊ ပြည်ထောင်စုအဆင့် အမျိုးသားစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်ရေးဆွဲရန်လည်း လိုအပ်သောကြောင့်လည်းကောင်း အရပ်ဘက် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် တွဲဖက်၍ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့ အားလုံးပူးပေါင်းပါဝင်ပြီး ပြည်သူများ၏ သဘောထားအမြင်နှင့် အကြံဉာဏ်များ ရယူကာ ဆောင်ရွက်သွားနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“သဘောထားအမြင်တွေ ရယူတဲ့အခါမှာ တစ်ဦးတစ်ယောက်ချင်းက ဒီမဟာဗျူဟာပေါ်မှာ ဘယ်လိုမြင်တယ်။ သူတို့ဒေသမှာ ဘယ်လိုစိန်ခေါ်မှုတွေရှိတယ်ဆိုတာကို ပြုလုပ်တယ်။ သူတို့ရဲ့ဆွေးနွေးချက်တွေ အားလုံးယူပြီးတော့ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ရေးဆွဲရေးအဖွဲ့ကို အပ်မယ်။ အပ်ပြီး ရလာမယ့် ဆွေးနွေးချက်တွေကို တူရာတူရာကို မူလ ရေးဆွဲထားတဲ့ ADS မူကြမ်းထဲမှာ ဆွဲထည့်မှာဖြစ်ပါတယ်။ နောက်ထပ် ထပ်ဖြည့်ရမယ့်အချက်တွေကို ဖြည့်ပြီးရင်တော့ အမျိုးသားအဆင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ စတုတ္ထအဆင့်မူကြမ်း ဖြစ်ရင်ဖြစ်မယ်။ အဲဒီကမှတစ်ဆင့် ပြီးပြည့်စုံပြီဆိုရင် ပြည်ထောင်စုဝန်ကြီးဌာနကနေပြီး လာမယ့် ၂၀၃၀ အထိ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး မဟာဗျူဟာအတိုင်း ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဦးမျိုးအောင်က ဆက်လက်ပြောပြသည်။



“ဝန်ကြီးဌာနက စီးပွားရေးမူဝါဒ(၁၂)ရပ်လည်း ချထားပြီးပြီ။ ဒီမူဝါဒတွေကို ချိတ်ဆက်မယ့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး မူဝါဒတွေကို ချမှတ်ပြီးပြီ။ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးမူဝါဒကို ချမှတ်တဲ့အခါမှာ ဝန်ကြီးဌာနတစ်ခုတည်းနဲ့မရဘူး။ ပြည်သူတွေပါဝင်မှ ဖြစ်မှာပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုရင် အဓိကတားဂတ်ဖြစ်တဲ့ တောင်သူလယ်သမားတွေပါမှ။ တောင်သူလယ်သမားတွေ၊ ပြည်သူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ အားလုံးပူးပေါင်းပါဝင်ပြီးတော့ ရေးဆွဲထားတဲ့ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာလည်း ဖြစ်မယ်။ ဒီဗျူဟာကြီးကို အကောင်အထည်ဖော်တဲ့အခါမှာ တောင်သူတွေ၊ အစုအဖွဲ့တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ တခြားပညာရှင်တွေ၊ သမဝါယမအသင်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့တွေ ဒါတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်တော့ ဒီဗျူဟာကြီးဟာ တကယ်လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မယ်။ ဒီအတွက် တောင်သူတွေရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဟာ ဖွံ့ဖြိုးတိုးတက်လာပြီးဝင်ငွေတိုးမယ်။ ဝင်ငွေတိုးလာတာနဲ့အမျှ တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒါမှလည်း နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတက်မှုကိုလည်း အထောက်အကူပြုမယ်လို့ ထင်မြင်ပါတယ်”ဟု ၎င်းကဆက်ပြောသည်။ ။

**“ ဒီတတိယမူကြမ်းကလည်းပဲ ဝန်ကြီးဌာနရဲ့ လယ်ယာကဏ္ဍမူဝါဒတွေကို အကောင်အထည်ဖော်ဖို့ ဘက်စုံက ရေးဆွဲထားသော်လည်း တတိယမူကြမ်းနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ သဘောထားအမြင်နဲ့ ပြည်သူအားလုံး ပူးပေါင်းပါဝင်တဲ့ သဘောထားအကြံဉာဏ်တွေ ရယူပြီးတော့ မဟာဗျူဟာမူကြမ်းကြီးကို ပြည့်ပြည့်စုံစုံနဲ့ ရေးဆွဲမယ်ဆိုရင် ပိုပြီးတော့ ကောင်းကောင်းမွန်မွန်ဖြစ်မယ်။ ပိုပြီးတော့လည်း အထောက်အကူဖြစ်မယ်။ နောက်ပြီးတော့ အားလုံးလည်း ပူးပေါင်းပါဝင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၇ နေရာမှာ ၂၀၁၇ ခုနှစ် မေလဒုတိယပတ်ကနေ ဇွန်လ ပထမပတ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေ အဖွဲ့ငါးဖွဲ့ခွဲပြီးတော့ တာဝန်ပေးပြီးဆောင်ရွက်ခဲ့ပါတယ်**

## ရှမ်းနနွင်းကို အိန္ဒိယတစ်နိုင်ငံတည်းသာ ဝယ်လက်ရှိ၍ ကုန်သည်များအဝယ်ဆိုင်းနေ



အောင်ပန်းနဲ့ ဟိုပုံးထွက် ရှမ်းနနွင်းတွေကို အိန္ဒိယတစ်နိုင်ငံတည်းကိုပဲ တင်ပို့နေရလို့ ကုန်သည်တွေက ဝယ်ယူမှုတွေ တုံ့ဆိုင်းနေတယ်လို့ အောင်ပန်းမြို့မှ ပွဲရုံတွေဆီက သိရပါတယ်။

အောင်ပန်းမြို့ မြတ်မင်္ဂလာ နနွင်းကုန်ပွဲရုံပိုင်ရှင် ဦးစိုင်းကျော်ဆန်းက အစောပိုင်းတုန်းက ပါကစ္စတန်၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်ယား အစရှိတဲ့ နိုင်ငံတွေက မြန်မာ့နနွင်းကို ပုံမှန် အမှာရှိပေမယ့်လက်ရှိအချိန်မှာတော့ အိန္ဒိယတစ်နိုင်ငံကပဲ ဆက်လက်ဝယ်ယူတာကြောင့် နနွင်းဈေးကွက်အေးနေတယ်။ ဈေးကွက်အတွင်းမှာလည်း နနွင်းအဝင် လျှိုင်နေပေမယ့် အိန္ဒိယပို့မယ့် ရန်ကုန်ဝယ်လက်တွေက နနွင်းထိပ်စလောက်ပဲ အဝယ်များတယ်။ ဆင်တောင်နနွင်းရယ်၊ ဟိုပုံးထွက် တောင်ပို့နနွင်းရယ်ပဲ ဈေးကွက်လှုပ်တယ်။ ကျန်တာတွေက ဝယ်သူမရှိလို့ တောင်လိုပုံနေတယ်လို့ ပြောပါတယ်။

နနွင်း(ထိပ်စ)တွေကိုပဲ ဝယ်လက်တွေက ပိုကြိုက်နှစ်သက်တာကြောင့် အခုနောက်ပိုင်းမှာ တောင်သူတွေ အနေနဲ့ နနွင်းမျိုးကောင်းမျိုးသန့်တွေကိုရွေးပြီး စိုက်ပျိုးလာကြတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံး ကျပ် ၉၅၀ မှ အမြင့်ဆုံး ကျပ် ၃၀၀၀ ဈေးရှိနေပါတယ်။ နနွင်းကို ပြည်ပနိုင်ငံအချို့ကို နှစ်စဉ် တန်ချိန် တစ်သိန်းကျော် ပို့နိုင်တယ်လို့ သိရပါတယ်။

**ဇာလင်းသူ**(AMIA)

**ဓာတ်ပုံ-လင်းလင်း**(AMIA)

## ရော်ဘာပင်များတွင် ပိုးမွှား၊ ရောဂါကျရောက်မှု ကာကွယ်နှိမ်နင်းနည်း ပညာပေးဆွေးနွေး

**ဘားအံ ဇွန် ၁၈**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ကစိုကျေးရွာအုပ်စုအတွင်း၌ ယခုမိုးရာသီကာလတွင် စိုက်ပျိုးထားသော ရော်ဘာပင်များမှာ မှိုရောဂါများ၊ သီးပုပ်ရောဂါနှင့် စနစ်တကျ အစေးမလှီးထားသည့် အပင်များတွင် အခေါက်ရောဂါများ ဖြစ်ပေါ်တတ်သည့်အတွက် ရော်ဘာစိုက်တောင်သူများအနေဖြင့် ကာကွယ်နှိမ်နင်းနည်းများကို သိရှိစေရန်ရည်ရွယ်၍ တောင်သူနည်းပညာဆွေးနွေးပွဲကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ကြီးမှူးပြီး ဇွန် ၁၆ ရက်က ကစိုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ပညာပေးဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်းက မိုးရာသီကာလ စိုက်ပျိုးရန်အတွက် မြေယာပြုပြင်ချိန်တွင် မြေဆီလွှာ အတွင်းလိုအပ်သည့် အာဟာရဓာတ်များကို သိရှိစေရန်နှင့် ရော်ဘာပင်များ၌ ကျရောက်တတ်သည့် ရောဂါ၊ ပိုးမွှားများ ကာကွယ်နှိမ်နင်းရေးကို သိရှိစေရန်ရည်ရွယ်၍ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး လှိုင်းဘွဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ပိုင်ကျုံမြို့စိုက်ပျိုးရေးဦးစီးမှူးတို့က မြေဆီလွှာချဉ်/ငန်ကိန်းများနှင့် သီးနှံအထွက်နှုန်းဆက်စပ်ပုံ၊ ရော်ဘာနှင့် ရာသီသီးနှံပင်များတွင် ကျရောက်တတ်သော ရောဂါကာကွယ်နှိမ်နင်းနည်းများကို ဒေသခံတောင်သူ ၁၀၀ ခန့်အား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်

**မြန်အောင် ဇွန် ၁၈**

မြန်အောင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ထားသော ကျေးရွာ ၃၀ ရွာမှ တောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းပညာပေးသင်တန်းကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇွန် ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။ မြန်အောင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်လျက်ရှိသော ကျေးရွာများမှ တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရန်၊ နည်းပညာများ တိုးတက်လာခြင်းဖြင့် ဆင်းရဲမှုလျှော့ချနိုင်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းမင်းက ပြောသည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက မြေ၊ မျိုး၊ ပိုးဆိုင်ရာ နည်းပညာနှင့် ဥပဒေများကိုလည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက လယ်ယာမြေနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က တစ်နိုင်တစ်ပိုင် မွေးမြူရေး နည်းပညာများ၊ တိရစ္ဆာန်ရောဂါများအကြောင်းနှင့် ကုသရေးလုပ်ငန်းများ၊ တိရစ္ဆာန်အာဟာရဗေဒအကြောင်းများကိုလည်းကောင်း အသိပညာပေး ဆွေးနွေး ပို့ချခဲ့ကာ သင်တန်းသို့ ကျေးရွာ ၃၀ မှ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

# စိုက်ပျိုးရေးကဏ္ဍအောင်မြင်ရန်အတွက် မျိုးကောင်းမျိုးသန့်များကို အသုံးပြုနိုင်ရန် အရေးကြီး

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မေမိုးသဲ**

မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်သည့်နေရာတွင် ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရန်အတွက် မျိုးကောင်းမျိုးသန့်များကို အသုံးပြုနိုင်ရန် အရေးကြီးသည့် အချက်ပင်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်များကို တောင်သူများ အသုံးပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာ ဦးစီးဌာနများကလည်း မျိုးသစ်များထုတ်လုပ်နိုင်ရေး နိုင်ငံတကာနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှလည်း နိုင်ငံတကာမှ စိုက်ပျိုးရေးပညာရှင်များနှင့် ပူးပေါင်း၍ စိုက်ပျိုးရေးနည်းပညာများ တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံ၌ စပ်မျိုးပြောင်းများ နေလှန်းထားသည်ကို တွေ့ရစဉ်

ထို့နောက် မြို့နယ်များရှိ စိုက်ပျိုးရေးသုတေသနခြံများမှလည်း သီးနှံအမျိုးမျိုးကို အထွက်ကောင်းစေရန် မျိုးကောင်းမျိုးသန့်စပ်မျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက် တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာတွင် နေပြည်တော် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံမှ စပ်မျိုးပြောင်းနှင့် စပ်မျိုးနေကြာများကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးသုတေသနခြံမှမြေပဲနှင့် နှမ်းစပ်မျိုးများကိုလည်းကောင်း၊ တောင်တွင်းကြီး စိုက်ပျိုးရေးသုတေသနခြံမှ ကြံသီးနှံကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ စိုက်ပျိုးရေးသုတေသနခြံမှ စပါးနှင့် ဂျုံသီးနှံကိုလည်းကောင်း၊ မုံရွာ ခရိုင် စလုပ်စိုက်ပျိုးရေးသုတေသနခြံမှ ကုလားပဲ၊ ပဲစင်းငုံနှင့် ဂျုံသီးနှံများကိုလည်းကောင်း၊ လက်ပံတန်းစိုက်ပျိုးရေးသုတေသနခြံမှ ဒေသနှင့်ကိုက်ညီသည့် စပ်မျိုးစပါးများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးရှိ စိုက်ပျိုးရေးသုတေသနခြံမှ အော်ဂင်းနစ်ဟင်းသီးဟင်းရွက်သီးနှံများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မတ္တရာစိုက်ပျိုးရေး သုတေသနခြံမှ နှစ်ရှည်သီးနှံများကို လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်း စိုက်ပျိုးရေးသုတေသနခြံမှ ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းစိုက်ပျိုးရေး သုတေသနခြံမှ စပ်မျိုးပြောင်းများကို လည်းကောင်း စသည်ဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်းတွင် တောင်သူများအသုံးပြုနိုင်ရန် မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ပေးနေသည့် စိုက်ပျိုးရေး သုတေသနခြံ ၂၄ ခြံရှိကြောင်း သိရသည်။ ထိုစိုက်ပျိုးရေးသုတေသနခြံများမှ တောင်သူများလိုအပ်သည့် မျိုးများကို အတတ်နိုင်ဆုံး ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသော်လည်း တချို့ဒေသများတွင် တောင်သူများလိုအပ်သည့် မျိုးအရေအတွက်ရအောင် ထုတ်လုပ်ပေးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ အကြောင်းရင်းမှာ မိမိတို့ စိုက်ပျိုးထုတ်လုပ်ရသည့် မြေကေပေါ်မူတည်၍ ထုတ်လုပ်ပေးနေရသောကြောင့် မြေကေနည်းသည့် စိုက်ပျိုးရေးသုတေသနခြံများမှာ တောင်သူများ လိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ခြင်းမရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်သည့်နေရာတွင် ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရေးအတွက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်နှင့် Nutri SEA project တို့ ပူးပေါင်း၍ ဇွန်လပထမပတ်မှစ၍ သင်တန်းများဖွင့်လှစ် ပို့ချခဲ့ကြကြောင်း သိရသည်။

"မျိုးသန့်မျိုးပွား ထုတ်လုပ်နိုင်ရေးကအရေးကြီးတဲ့အချက်ပဲ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံတိုင်းအတွက် အရေးပါပါတယ်။ မြန်မာနိုင်ငံကလည်း စိုက်ပျိုးရေးကို အခြေပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ရေအရင်းအမြစ်၊ မြေအရင်းအမြစ် အများဆုံးအသုံးပြုနေရတဲ့ ကဏ္ဍလည်းဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်သလို ထုတ်လုပ်တဲ့နည်းစနစ်တွေကလည်း သဘာဝပတ်ဝန်းကျင်ဂေဟ ဗေဒစနစ်နဲ့ လိုက်လျောညီထွေရှိဖို့လိုပါတယ်။ သဘာဝက ပေးထားတဲ့ ဂေဟဗေဒစနစ်ကို ထိခိုက်မှုအနည်းဆုံးနဲ့ နောက်မျိုးဆက်သစ်တွေအတွက် ရေရှည်တည်တံ့ခိုင်မြဲနေအောင် ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးနည်းပညာတွေ သင်ကြားပို့ချနေတဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှာ ဒီသင်တန်းလာရောက်ပို့ချရတာ ဖြစ်ပါတယ်"ဟု နယ်သာလန်နိုင်ငံ Wageningen University မှ ပါမောက္ခ Dr. Roel Bosma က ရှင်းလင်းပြောကြားသည်။

---

# တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲဖြစ်ပေါ်ခဲ့သည့် သီးနှံများ



**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ- မေမိုးသဲ**

ဒီတစ်ပတ်မှာတော့ မတ်ပဲ (FAQ/RC) နဲ့ ပဲစင်းငုံတို့ ဈေးပြန်လည်တက်လာနေပါတယ်။ နှစ်လနီးပါး ဈေးငြိမ်နေခဲ့တဲ့ ကြက်သွန်နီကတော့ ဈေးတက်လာပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးပြန်တက်**

**မတ်ပဲ**

ဧပြီလ ကနေစတင်ပြီး အတက်မရှိဘဲ ဈေးဆက်တိုက် ကျဆင်းနေခဲ့တဲ့ မတ်ပဲက ဇွန်လ ဒုတိယအပတ်မှာတော့ ဈေးပြန်လည်တက်လာတာကို တွေ့ရပါတယ်။

တစ်တန်ကို ငွေကျပ် ၈၀၀၀၀၀ အထိ ဈေးကျဆင်းသွားခဲ့တဲ့ မတ်ပဲက ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၉၀၀၀၀၀ ကျော်အထိ ဈေးပြန်လည် မြင့်တက်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာမတ်ပဲတွေကို အနည်းငယ် အဝယ်လိုက်လာတဲ့အတွက် အခုလိုဈေးအနည်းငယ်ပြန်လည် မြင့်တက်သွားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် အိန္ဒိယနိုင်ငံမှာလည်း လက်ရှိ မတ်ပဲက အသစ်တွေဝင်နေတာဖြစ်တဲ့အတွက် ဈေးဆက်လက်မြင့်တက်ဖို့ အခြေအနေနည်းပါးတယ်လို့ အိန္ဒိယနိုင်ငံက Commodities control အဖွဲ့က သုံးသပ်ထားပါတယ်။ လက်ရှိ မတ်ပဲပေါက်ဈေးကတော့ တစ်တန်ကို ငွေကျပ် ၈၃၀၀၀၀ ပေါက်ဈေးရှိနေပေမယ့် ၂၀၁၅ ခုနှစ်ကအခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးနှုန်းက နိမ့်ကျနေတဲ့ အခြေအနေမှာပဲ ရှိပါသေးတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံဈေးကတော့ ရက်သတ္တပတ်အစမှာ အတက်ဈေးနဲ့ ဈေးစဖွင့်ခဲ့ပေမယ့် ကြားရက်တွေမှာတော့ ဈေး အတက်အကျ မတည်ငြိမ်ခဲ့ပါဘူး။

ပြည်တွင်း ပဲစင်းငုံဈေးကွက်မှာတော့ ပဲဈေးက အပြောင်းအလဲသိပ်မရှိပေမယ့် အိန္ဒိယနိုင်ငံမှာတော့ ပြည်ပ ပဲစင်းငုံ က



ဈေးသက်သာနေတဲ့အတွက် မြန်မာပဲစင်းငုံတွေကို အဝယ်သွက်လာပြီး ဈေးတက်လာတယ်လို့ သိရပါတယ်။

မတ်ပဲနဲ့ ဈေးအပြိုင်ရရှိခဲ့တဲ့ ပဲစင်းငုံက လက်ရှိမှာတော့ ၂၀၁၅ ခုနှစ် အခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင် ထက်ဝက်ဈေးမျှသာ ရရှိနေပြီး အနိမ့်ဆုံးအခြေအနေတစ်ခုအဖြစ် ယူဆရပါတယ်။ ပဲအဝင်တွေ မရှိတော့ဘဲ လက်ကျန်ပဲတွေကိုသာ ထုတ်ရောင်းနေရတဲ့ အခြေအနေတစ်ခုဖြစ်ပြီး တောင်သူတွေအနေနဲ့ တွက်ခြေမကိုက်တဲ့ နှစ်တစ်နှစ်လည်း ဖြစ်ပါတယ်။ လက်ရှိပေါက်ဈေးကတော့ ငွေကျပ် ၆၃၄၀၀၀ ပေါက်ဈေးရှိနေပါတယ်။

**ပဲကြီးဈေးအနည်းငယ်ကျဆင်း**

နှစ်လနီးပါး ဈေးဆက်တိုက်တက်ခဲ့တဲ့ ပဲကြီးက ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ် ကျဆင်းသွားခဲ့ ပါတယ်။ တစ်ပိဿာကို ငွေကျပ် ၈၀ လောက်ဈေးကျဆင်းခဲ့တာဖြစ်ပြီး လက်ရှိပေါက်ဈေးကတော့ ငွေကျပ် ၂၂၆၀ ကနေ ငွေကျပ် ၂၉၂၅ ပေါက်ဈေးရှိနေပါတယ်။ လက်ရှိ ဈေးနှုန်းကျဆင်းတယ်ဆိုပေမယ့် အတက်ဈေးနဲ့ပဲ ရှိနေပြီး တစ်တင်းကို ငွေကျပ် ၃၈၀၀၀ ကနေ ငွေကျပ် ၅၀၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်နီ ဈေးတက်**

နှစ်လကျော်မျှ ဈေးငြိမ်နေခဲ့တဲ့ ကြက်သွန်နီဈေးက ဇွန်လ ဒုတိယအပတ်ကနေပြီး ဈေးက တက်လာပါတယ်။ လက်ရှိ မှာ ကြက်သွန်နီတွေ အဝင်နည်းလာတာဖြစ်တဲ့အတွက် ဈေးတက်လာတာ ဖြစ်သလို အချိန်အခါမဟုတ် မိုးရွာသွန်းတာမှာ ကြက်သွန်ခင်းတွေ ပျက်စီးသွားတာကလည်း ဈေးတက်လာခြင်း အကြောင်းတစ်ရပ်ဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိ ကြက်သွန်နီပေါက်ဈေးက လက်ကားဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၈၅၀ ကနေ ၁၃၀၀ အထိ ဈေးမြင့်တက်နေပြီး လက်လီ ဈေးကွက်မှာတော့ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကနေ ငွေကျပ် ၁၆၀၀ အထိ ဈေးက မြင့်တက်နေပါတယ်။ မနှစ်ကကာလတူ အခြေအနေနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ ဒီနှစ်က ကြက်သွန်နီ ဈေးကောင်းရတဲ့ နှစ်တစ်နှစ်လည်း ဖြစ်ပါတယ်။

**အာလူးဈေးအနည်းငယ်ကျဆင်း**

အရင်အပတ်က တစ်ပိဿာကို ငွေကျပ် ၁၀၀ ကျော်လောက် အထိ ဈေး မြင့်တက်သွားခဲ့တဲ့ အာလူးက ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၅၀ လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ ဒီတစ်ပတ် ပေါက်ဈေးကတော့ တစ်ပိဿာကို ငွေကျပ် ၂၅၀ ကနေ ငွေကျပ် ၅၆၀ ပေါက်ဈေးရှိပါတယ်။

---

# Re-Export စနစ်ဖြင့် သကြားလုပ်ငန်းလိုင်စင် အသစ်ချတော့မည်မဟုတ်

**ဇာလင်းသူ(AMIA)**

Re-Export စနစ်နဲ့ သကြားလုပ်ငန်းလိုင်စင်တွေ အသစ်ချမပေးတော့ဘဲ နိုင်ငံခြား ငွေစီးဆင်းရေးကိုပဲ ဦးစားပေးမယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

"ဒီစနစ်နဲ့ ပြည်ပပြန်လည် ပို့ခွင့်ပြုတဲ့ ကုန်သွယ်မှုတွေကနေ နိုင်ငံခြားငွေ ပြန်လည်စီးဝင်လာစေဖို့ လိုတယ်။ ဒီလို ဝင်လာဖို့လုပ်တဲ့အခါနဲ့ ပြန်လည်စိစစ်လိုက်တဲ့အခါမှာလည်း နိုင်ငံခြားငွေ ပြန်မဝင်လာတာ တွေ့ရတယ်။ ပြည်ပက ဒေါ်လာနဲ့ဝယ်ပြီး ရောင်းရင် ယွမ်နဲ့ရောင်းရတာတွေရှိတယ်။ ဒီလို အခြေအနေမှာ ဒေါ်လာပြန်ဝင်လာဖို့ လိုတယ်။ သကြားရောင်းရငွေတွေက ပြန်မဝင်လာဘူး။ ဒါကြောင့် တကယ်ကိုလုပ်နိုင်ပြီး လိုင်စင်ရှိပြီးသား ကုမ္ပဏီတွေက နိုင်ငံခြားငွေပြန်ဝင်လာတဲ့ အထောက်အထားပြနိုင်ရမယ်။ ဝင်ငွေပြန်ဝင်လာဖို့မှာလည်း စီးပွားကူးသန်းက ထိန်းချုပ်ရတာ ခက်ခဲနေတယ်။ တကယ်လုပ်နိုင်တဲ့ ရှိပြီးသား ကုမ္ပဏီတွေကိုပဲ လုပ်ခွင့်ပြုတာ ဖြစ်ပါတယ်။ အခုလက်ရှိမှာ လိုင်စင်အသစ်မချပေးသေးဘူး။ လိုင်စင်ရှိပြီးသားကိုတော့ သက်တမ်းတိုးနိုင်တယ်။ သက်တမ်းကာလက တစ်နှစ်ပါ"လို့ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောပါတယ်။

လက်ရှိ တရုတ်ကုန်သည်တွေက သကြားဝယ်လိုအား ကျဆင်းလာတာနဲ့ ပြည်တွင်း Re-Export စနစ်ကြောင့် ပြည်တွင်းကုန်သည်တွေ ကျပ်ဘီလီယံ ၁၀၀ ခန့် ဆုံးရှုံးခဲ့တယ်လို့ သိရပါတယ်။

"အခု Re-Export နဲ့ သကြားတင်သွင်းရောင်းချခွင့်ရှိတယ်။ Re-Export ပေါ်လစီအရ သကြားတွေ မတင်ပို့နိုင်တော့တဲ့အပြင် ပြည်တွင်းဈေးကွက်ရောင်းချခြင်းမပြုရဘဲနဲ့ မူရင်းနိုင်ငံပြန်ပို့ရမယ်ဆိုတော့ ကုန်သည်တွေအတွက် နစ်နာတာပေါ့"လို့ သကြားကုန်သည် ဦးဇော်ဟန်က ပြောပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က သကြားတင်ပို့မှု တန်ချိန် ၁ ဒသမ ၆သန်းနီးပါးကို ကန်ဒေါ်လာ သန်း ၉၀၀ ကျော်ရတယ်လို့ သိရပါတယ်။

# တောင်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရန် အကျိုးတူလယ်ယာစနစ်ဖြင့် ရွှေရောင်အနာဂတ်ကို ဖော်ဆောင်ကြပါစို့

**ဆောင်းပါး-မောင်သင်းပျံ့၊ ဓာတ်ပုံ-ဇွဲမာန်**



မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး GDP တွင် လယ်ယာကဏ္ဍသည် ၁၈ ဒသမ ၄ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင်နေထိုင်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အဓိက အားထားလုပ်ကိုင်ကြလျက်ရှိသည်။

သို့ရာတွင် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် အခြေခံအဆောက်အအုံ အားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းမှာ အိမ်နီးချင်းနိုင်ငံတို့ထက် လျော့နည်းလျက်ရှိသည်။ ယခုအခါ တောင်သူတို့၏ လူမှုစီးပွားဘဝများ ပြောင်းလဲတိုးတက်စေရန်နှင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်း၍ အကျိုးတူလယ်ယာစနစ်ကို လုပ်ဆောင်ရန် စီမံဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာ့ဆန်စပါးလုပ်ငန်းသည် စီးပွားရေးကဏ္ဍအတွက် ထုတ်လုပ်မှုတန်ဖိုးအားဖြင့် ဘီလီယံ ၅၀၀ ကျော်ကို နှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိပြီး ပြည်တွင်းစားသုံးမှုအတွက် ဆန်တန်ချိန် ၁၀ သန်းခန့်ကိုလည်း စားနပ်ရိက္ခာအဖြစ် ထုတ်လုပ်ပေးလျက်ရှိသည်။ နှစ်စဉ် ပြည်ပပို့ကုန်ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာသန်း ၆၀၀ ခန့်ကိုလည်း မဟာဗျူဟာမြောက်သီးနှံအဖြစ် ရရှိလျက်ရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၇ သန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ် ဆန်စပါးတင်ပို့မှုထက် တန်ချိန် သုံးသိန်းခန့်ပို၍ တင်ပို့နိုင်ခဲ့သည်။

မြန်မာ့ဆန်စပါးလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူဦးရေမှာ သုံးသန်းကျော်ရှိကာ ဆန်စပါးလုပ်ငန်းကို မှီခိုနေရသော လူဦးရေသည် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိနေသောကြောင့် ဆန်စပါးထုတ်လုပ်သော မြန်မာနိုင်ငံအတွက် ဈေးကွက်၊ နည်းပညာနှင့် စိုက်ပျိုးစရိတ် ဖူလုံပါက ဒေသအသီးသီးရှိ တောင်သူတို့မှာ မြေကြီးကရွှေသီးမည်မှာ အမှန်ပင်ဖြစ်သည်။ တောင်သူတို့၏ ဘဝတိုးတက်ပါက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်း မြန်ဆန်စွာ ပြောင်းလဲနိုင်မည်ဖြစ်သည်။



မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧရိယာ ဧက ၁၅ သန်းခန့်နှင့် နွေစပါးစိုက်ဧရိယာ ဧက ၂ သန်းခန့်ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိ၍ စပါးသည် နိုင်ငံ၏ အများဆုံးစိုက်ပျိုးသောသီးနှံလည်းဖြစ်သည်။ ဆန်စပါးစိုက်ပျိုးသော တောင်သူလယ်သမားများသည် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သော စိုက်ပျိုးစရိတ်နှင့် ရင်းနှီးငွေကို မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဘဏ်(MADB)မှ ချေးငွေဖြင့်လည်းကောင်း၊ ဆန်စက်ပိုင်ရှင်များနှင့် ကုန်သည်များ၏ ပင်ထောင်ပေး၊ အလှန်းပေး၊ စပါးဖိုးကြိုပေးသော ကြိုတင်ငွေအစီအစဉ်ဖြင့်လည်းကောင်း၊ ရပ်ရွာအတွင်း ချေးငွေလုပ်ငန်းများမှ ချေးယူငွေဖြင့်လည်းကောင်း၊ အခြားနည်းများဖြင့်လည်းကောင်း ငွေကြေးရှာဖွေကာ စိုက်ပျိုးထုတ်လုပ်လေ့ရှိသည်။

ရှေးယခင်က လုံလောက်သောစိုက်ပျိုးစရိတ်ငွေ မရသောကြောင့် တောင်သူတို့မှာ ရရာနေရာမှ အတိုးနှုန်းကြီးစွာဖြင့် စိုက်ပျိုးစရိတ်ချေးယူကြရသည်။ ၂၀၁၆ ခုနှစ် အစိုးရသစ်တာဝန်ယူချိန်တွင် စပါးစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ကျပ်တစ်သိန်းမှ တစ်သိန်းခွဲနှုန်းအထိ တိုးပေးခဲ့၍ တောင်သူများ ယခင်ကထက် အဆင်ပြေခဲ့သော်လည်း တစ်နှစ်ထက်တစ်နှစ်ဖောက်ပြန်လာသော ရာသီဥတုကြောင့် သီးနှံထွက်နှုန်းမမှန်သလို မြေယာအတွက် သွင်းအားစုတို့၏ ဈေးနှုန်းကြီးမြင့်မှုကြောင့် စိုက်ပျိုးစရိတ်မှာ တောင်သူတို့အတွက် လိုအပ်နေဆဲပင်ဖြစ်သည်။

ယခုအခါ ဆန်စပါးလုပ်ငန်းတိုးတက်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးစေရန်နှင့် ကျေးလက်နေပြည်သူတို့၏ လူမှုဘဝများ ပြောင်းလဲ တိုးတက်စေရန် နိုင်ငံတော်မှ မူဝါဒဆိုင်ရာ ပြောင်းလဲမှုများ၊ ဆန်စပါးဈေးကွက်ဖွံ့ဖြိုးရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့သော ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ကန်ထရိုက်လယ်ယာစနစ်ဖြစ်သော အကျိုးတူလယ်ယာစနစ်(Contract Farming)သည် ပြည်တွင်း ပြည်ပ ပညာရှင်များ တိုက်တွန်းအကြံပြုလျက်ရှိသော လုပ်ဆောင်ချက်ဖြစ်ကာ လက်ရှိလိုအပ်ချက်များနှင့်ကိုက်ညီသည့် အစီအစဉ်တစ်ရပ်လည်း ဖြစ်နိုင်သည်။ နိုင်ငံတကာတွင်လည်း ကန်ထရိုက်လယ်ယာစနစ်ကို လယ်ယာကဏ္ဍဖွံ့ဖြိုးရေး လုပ်ဆောင်မှုအဖြစ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသာမက အခြားသော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ လယ်ယာထွက်ကုန်များအတွက်ပါ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့အပြင် ကန်ထရိုက်လယ်ယာစနစ်သည် ချေးငွေ၊ ထောက်ပံ့ငွေ ပေးခြင်းထက်ပို၍ ထိရောက် အကျိုးရှိစေပြီး အထွက်နှုန်းပိုမိုကောင်းမွန်စေရန်၊ သီးနှံအရည်အသွေး ပိုမိုကောင်းမွန်စေရန်၊ တောင်သူများအတွက် အာမခံဈေးနှုန်းနှင့် အာမခံဈေးကွက်ရရှိစေရန်၊ တောင်သူများဝင်ငွေတိုးစေရန်၊ အစားအသောက် ဘေးကင်းလုံခြုံမှု(Foodsafety)နှင့် ကောင်းမွန်သော လယ်ယာစိုက်ပျိုးရေးအလေ့အထကောင်းများ (GAP)ကို ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုသည့် အပြင် ပုဂ္ဂလိက-အစိုးရ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အကျိုးပြု အထောက်အကူဖြစ်စေသော စနစ်တစ်ခုပင်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(Myanmar Rice Federation)အနေဖြင့် ကန်ထရိုက် လယ်ယာစနစ်ဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုစီမံချက်(၂၀၁၇)နှင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို ရေးသားပြုစုပြီး နိုင်ငံတော် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကန်ထရိုက်လယ်ယာစနစ်(Contract Farming)သည် လယ်ယာစိုက်ပျိုးရေးနှင့် သား၊ ငါးမွေးမြူထုတ်လုပ်ရေးကို အခြေခံသော နိုင်ငံအများစုတွင် စနစ်ကျစွာ လုပ်ဆောင်နေသည့် လယ်ယာစီးပွားရေးကဏ္ဍတစ်ခုဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် လယ်ယာထွက်ကုန်ကို ပြန်လည်ဝယ်ယူမည့် ကုမ္ပဏီ(သို့)ကုန်သည်တို့ကြား ကြိုတင်အရောင်းအဝယ်ပြုလုပ်ရန် သတ်မှတ်ထားသောဈေးနှုန်းနှင့် အစီအမံများအပေါ် နှစ်ဖက်သဘောတူ၍ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် စိုက်ပျိုးစရိတ်များ ကြိုတင်ပေးအပ်ရန် စာချုပ်ချုပ်ဆို ပူးပေါင်း ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်ရန် ပုံဖော်ကြိုးပမ်းနေသော အကျိုးတူလယ်ယာစနစ်ဖြစ်သည်။ ဤစနစ်ဖြင့် အကျွမ်းတဝင်မရှိသေးသော တောင်သူများအနေဖြင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် တောင်သူတို့၏ဘဝများ မြင့်မားတိုးတက်စေရန် နိုင်ငံတော်မှ ကြပ်မတ်ဆောင်ရွက်ခြင်းဖြင့် အကျိုးတူလယ်ယာစနစ်သည် တောင်သူဦးကြီးတို့၏ ရွှေရောင်အိမ်မက်တံခါးများကို ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တန်ချိန် နှစ်သန်း တင်ပို့ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO)အနေဖြင့် မြို့နယ်များတွင် တောင်သူလယ်သမားများနှင့် အကျိုးတူလယ်ယာစနစ် စီမံကိန်းများ ဆောင်ရွက်တော့မည်ဖြစ်၍ တောင်သူတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အကျိုးတူလယ်ယာစနစ်ဖြင့် ရွှေရောင်အနာဂါတ်များကို ဖော်ဆောင်ကြပါစို့ဟု တင်ပြလိုက်ရပါသည်။ ။

## ပြည်မြို့ထွက် မတ်ပဲနှင့် ပဲစင်းငုံ ရောင်းအားကျ၍ ပွဲရုံများတွင် ရက်ခြားသာ အရောင်းအဝယ်ဖြစ်နေ

**ပြည် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ထွက် မတ်ပဲနှင့် ပဲစင်းငုံများ ယခုရက်အတွင်း ဈေးနှုန်းကျဆင်းနေပြီး ပွဲရုံများတွင်လည်း ရက်ခြားသာ အရောင်းအဝယ် ဖြစ်နေ၍ ဝယ်လှောင်ထားသူများ အရှုံးပေါ်လျက်ရှိကြောင်း ပြည်မြို့ရှိ ပွဲရုံများနှင့် ပဲကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

"ပဲ စပေါ်ချိန်ကတည်းက ဈေးအေးနေလို့ ဝယ်လှောင်တွေ အရှုံးပေါ်နေတယ်။ စိုက်ပျိုးတောင်သူတွေလည်း တွတ်ခြေမကိုက်သလောက် ဖြစ်နေပါတယ်။ ပဲစင်းငုံကလည်း ရန်ကုန်ဝယ်လက်လောက်ပဲ အဝယ်ရှိတယ်။ အရင်က ပြည် ပဲဈေးကွက်မှာ တစ်ပတ်မှာ အိတ်ငါးရာကျော် အရောင်းအဝယ်ဖြစ်နေတာကနေ အခု အိတ်ရေ ၁၅၀ နီးပါးလောက်ပဲ အဝယ်ဖြစ်နေတယ်"ဟု ပြည်မြို့ရှိ ဝင်းရတနာပွဲရုံပိုင်ရှင် ဦးထူးမြတ်က ပြောသည်။

ယခုရက်များတွင် ပြည် မတ်ပဲဈေးမှာ တစ်တန်လျှင် ကျပ် ၈၆၀၀၀၀ ကျော်၊ ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၆၇၀၀၀၀ ကျော် ရှိနေသည်။ လက်ရှိဈေးနှုန်းများအရ ပဲစင်းငုံမှာ ယခင်နှစ် ကာလတူအချိန်က ဈေးနှုန်းထက် တစ်တန်လျှင် ကျပ်နှစ်သောင်းကျော် လျော့နည်းလျက်ရှိကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကိုတင့်**



## ရော်ဘာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**ဘီးလင်း ဇွန် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းမှ ရော်ဘာစိုက်ခြံရှင်များအား ရော်ဘာပင်စိုက်ပျိုးခြင်းနည်းပညာ ကွင်းသရုပ်ပြပွဲကို ဇွန် ၁၆ ရက်က အနိုင်းပွန်ကျေးရွာရှိ ရော်ဘာစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်စွာရဲက အမှာစကားပြောကြားပြီး ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသက်ဆွေက ရော်ဘာပင်ပြုစုထားပုံ အဆင့်ဆင့်နှင့် စိုက်ပျိုးခြင်းနည်းလမ်းမှန်များကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ဒေသခံ ရော်ဘာစိုက်ပျိုးသူ ခြံပိုင်ရှင် ၉၂ ဦးအား ရော်ဘာပင်စိုက်ပျိုးနည်းစနစ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





SAMSUNG Galaxy
မိုးရာသီ အထူး LUCKY DRAW အစီအစဉ်
Samsung Galaxy ရဲ့ မည်သည့်ဖုန်းကိုမဆို ဝယ်ယူပြီး
ဆုကြီးများနှင့်အတူ အခြားရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ဆုမဲပေါင်းများစွာကို
မြို့နယ်အလိုက် ကံစမ်းလိုက်ရအောင် . . .
ဇွန်လ (၈) ရက်နေ့မှ ဇူလိုင်လ (၁၀) ရက်နေ့အထိ
ဆုကြီးများနှင့်အတူ အခြားဆုမဲပေါင်း များစွာ
SAMSUNG
○ ဆုမဲများနှင့် ပတ်သက်၍ အမှတ်တံဆိပ် အမျိုးအစား အပြောင်းအလဲရှိသည်။
samsungmobilemyanmar
samsungmyanmar
mySamsung.com/mm
samsung.com/mm
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန် လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်း (Con sumables) များနှင့် ဓာတ်ခွဲခန်းသုံးဆေးရည်၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် ဆေးနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်းလာရောက်၍ စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၂၁-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)
**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄း၀၀ နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၄၄၉၃၊ ၀၁-၃၈၄၄၉၄**

---

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
# အိတ်ဖွင့်တင်ဒါ(Open Tender)ထပ်မံခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဂေါ်ဒူးကျေးရွာတွင် သဘာဝဘေးဒဏ်ခံ အဆောက်အအုံ (School Cum Shelter)အသစ် (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ၂-၅-၂၀၁၇ ရက်မှ ၃၁-၅-၂၀၁၇ ရက်အထိ တင်ဒါကြော်ငြာခေါ်ယူခဲ့ရာ တင်သွင်းလာသည့် ကုမ္ပဏီများမှ သတ်မှတ်အရည်အချင်းပြည့်မီခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် တင်ဒါအထမမြောက်ဖြစ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် တင်ဒါထပ်မံတင်သွင်းနိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**လျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၉-၇-၂၀၁၇ ရက်
**လျှောက်လွှာရောင်းချမည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးဌာန
**လျှောက်လွှာပိတ်မည့်ရက်** - ၁၉-၈-၂၀၁၇ ရက် ညနေ ၁၅း၀၀နာရီ

၃။ တင်ဒါတင်သွင်းရန် သိရှိလိုသည့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် တိုင်းရင်းသားလူမျိုးရေးရာရုံး အဆောက်အအုံသစ် ၄၈ပေ×၆၀ပေ (၆၁၄၄Sqft) နှစ်ထပ် RC (အမြင့်ပေ ၁၁'-၁၀') ရုံးအဆောက်အအုံတစ်လုံး၊ (ရေ+မီး+မိလ္လာ+Ground Tank, Over Head Tank အပါအဝင်) (ပြင်ပရေ၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ လမ်းမပါ) ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁၉-၆-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနတွင် လာရောက် ထုတ်ယူနိုင်ပြီး ၁၉-၇-၂၀၁၇ ရက် ၁၆း၃၀နာရီနောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၄၂-၂၃၆၉၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန
## ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာဦးစီးဌာနမှ
## အဆောက်အအုံများဆောက်လုပ်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ/ရုံးများ အသစ်ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း/ရုံး အဆောက်အအုံ (၂၀၀)ခု

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်**
**နေ့ရက်/အချိန်** - ၇-၇-၂၀၁၇ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၈-၇-၂၀၁၇ရက် (သောကြာနေ့)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၇-၂၀၁၇ရက် (စနေနေ့) နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**လမ်းဦးစီးဌာန**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၂၁၅၃၊ ၀၄၃-၂၃၃၆၅၊**
**၀၉-၉၆၁၈၄၁၃၆၁၊ ၀၉-၈၆၂၆၉၇၁**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရခိုင်ပြည်နယ်၊ အဆောက်အအုံဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး
## ရန်ကုန်မြို့
## Transformer (၁)လုံးတပ်ဆင်ရန်
# ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် အရှေ့ဘက်ခေတ္တရာကွင်း လျှပ်စစ်ဓာတ်အားခွဲရုံအနီးတွင် Transformer (315 KVA 6.6-11/0.4-0.23KV) (၁)လုံးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသည်။

၂။ အဆိုပါလုပ်ငန်းအားဆောင်ရွက်ရန် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ ဈေးပြိုင်(တင်ဒါ)ပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၅၀၀၀/-ဖြင့် ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၂၉-၆-၂၀၁၇ရက် ၁၃း၀၀နာရီဈေးပြိုင်(တင်ဒါ) တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၅၇၆၇၊ ၀၁-၃၇၁၀၈၉

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန် FDAအသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ**
**စတင်ရောင်းချမည့်ရက်** -၁၉-၆-၂၀၁၇ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၈-၇-၂၀၁၇ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**

---

AAR Japan MSWRR

## မသန်စွမ်းသူများအတွက်(အထူး)အခွင့်အရေးကောင်း
## အသက်မွေးဝမ်းကျောင်းပညာ သင်တန်းသား/သူခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနနှင့် အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း AAR Japan တို့မှ ပူးပေါင်းဖွင့်လှစ်သော အဆင့်မြင့် ဂျပန်နည်းပညာစက်ချုပ်၊ ဆံသအလှပြုပြင်ခြင်းနှင့် ကွန်ပျူတာသင်တန်းများကို တစ်နှစ်လျှင်(၃)ကြိမ် အခမဲ့ ဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့်အကြားအာရုံအားနည်းသူများ အသက်(၁၈)နှစ်မှ (၄၀)အတွင်း လျှောက်ထားနိုင်ပါသည်။ သင်တန်းကာလအတွင်းအဆောင်တွင် နေထိုင်နိုင်သူဖြစ်ရမည်။ သင်တန်းသား/သူတစ်ဦးချင်းစီ၏ မသန်စွမ်းမှုအလိုက် ဆရာ/ဆရာမများနှင့် အဆောင်မှူးများမှ ကြီးကြပ်သင်ကြားလျက်ရှိပါသည်။ လျှောက်လွှာများကို AAR Japan သက်မွေးပညာသင်တန်းကျောင်းတွင် အခမဲ့ရယူနိုင်ပါသည်။

လျှောက်လွှာများကို တစ်နှစ်ပတ်လုံးလက်ခံလျက် အပတ်စဉ်တိုင်းတွင် ထည့်သွင်းစဉ်းစားပေးပါမည်။

**တတိယအပတ်စဉ် ၂၀၁၇ခုနှစ်သင်တန်းအတွက်**

| | |
|---|---|
| **လျှောက်လွှာပိတ်မည့်ရက်** | -၅ရက် ဇူလိုင်လ ၂၀၁၇ခုနှစ် |
| **သင်တန်းကာလ** | -၂၀၁၇ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၃ရက် အထိ။ |

**ဆက်သွယ်စုံစမ်းရန်လိပ်စာ- AAR Japan မသန်စွမ်းသူများအတွက်**
**သက်မွေးလုပ်ငန်းပညာသင်ကျောင်း အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၃၄၃၇၀၁**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီး၊
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ပဲခူးတိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်း၊ တံတား၊ ရေရှိရေးလုပ်ငန်းများဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကျေးလက်လမ်း | ၂၅/၅-၅၅၆ မိုင် |
| (ခ) | ကျေးလက်တံတား | ၂ စင်း/ ၆၀ပေ |
| (ဂ) | ကျေးလက်ရေရှိရေးလုပ်ငန်း | ၈၂ ခု |
| (ဃ) | ခရိုင်ချင်းဆက်လမ်း | ၂/၅ မိုင် |
| (င) | ခရိုင်ချင်းဆက်တံတား | ၁၁ စင်း/၆၀၅ ပေ |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသည့် လုပ်ငန်းစံနှုန်း Design ပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင် မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၂၂-၅-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၇ရက် ၁၆း၃၀နာရီ နောက်ဆုံးထား တင်သွင်းရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ် 982-B၊ တပင်ရွှေထီးလမ်း၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ ပဲခူးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၂-၂၂၃၀၆၅၉၊ ၀၅၂-၂၂၃၀၅၉၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## တင်ဒါပိတ်ရက်နှင့် တင်ဒါအချက်အလက်ပြင်ဆင်ခြင်း

၁။ မြန်မာ့မီးရထားမှ တင်ဒါအမှတ် ၂၆/မမ/CE (၂၀၁၇-၂၀၁၈) တွင် တင်ဒါပိတ်ရက် (၂၀.၆.၂၀၁၇)ဖြင့် ကျောက်မှုန့်(၂၉၄၀)ကျင်းကို အောက်ဖော်ပြပါ ဘူတာများအရောက် ဝယ်ယူရန် တင်ဒါခေါ်ယူခဲ့ပါသည်။

(က) တိုင်းအမှတ်(၈)မုပ္ပလင်ဘူတာရထားတွဲပေါ်အရောက် - ၁၇၃၀ ကျင်း
(ခ) တိုင်း(၅)ရေနီဘူတာ ရထားတွဲပေါ်အရောက် - ၁၂၁၀ ကျင်း

၂။ အဆိုပါတင်ဒါ၏ တင်ဒါပိတ်ရက်အား ၂၉.၆.၂၀၁၇ (ကြာသပတေးနေ့) (၁၄:၃၀) နာရီသို့ ပြင်ဆင်သတ်မှတ်ပါကြောင်းနှင့် ပေးပို့ရမည့် ဘူတာများကိုလည်း အောက်ပါအတိုင်း ပြောင်းလဲပြင်ဆင်ကြောင်း အသိပေးအပ်ပါသည်။

(က) သိမ်ဇရပ်ဘူတာ ရထားတွဲပေါ်အရောက်(၂၀၀)ကျင်း
(ခ) မုပ္ပလင်ဘူတာ ရထားတွဲပေါ်အရောက်(၅၀၀)ကျင်း
(ဂ) တောင်ငူစွန်းဘူတာ ရထားတွဲပေါ်အရောက်(၁၀၀)ကျင်း
(ဃ) ရင်းငြိမ်ဘူတာ ရထားတွဲပေါ်အရောက်(၂၀၀)ကျင်း
(င) ဇင်းကျိုက်ဘူတာ အရောက်(၆၃၀)ကျင်း
(စ) မုတ္တမဘူတာ ရထားတွဲပေါ်အရောက်(ဘန့်ဒွေးကုန်းကျောက်မိုင်း) (၁၀၀)ကျင်း
(ဆ) ကျေးတောဘူတာ ရထားတွဲပေါ်အရောက်(၆၁၀)ကျင်း
(ဇ) ရေနီဘူတာ ရထားတွဲပေါ်အရောက်(၆၀၀)ကျင်း

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994

---

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေ(Euro)တို့ဖြင့် ဝယ်ယူ/ဆောင်ရွက် လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၉/မမ/CME (MIT)Kyat | Vertical Oil Damper (1000) Sets |
| ၂ | ၃၀/မမ/CME (MIT)Kyat | (မြစ်ငယ်)လှူစီးတွဲနှင့်ကုန်တွဲသစ် တည်ဆောက်ရေးစက်ရုံတွင် 33/11 KV, 5 MVA ဓါတ်အားခွဲရုံနှင့် 33 KV High Tension Line တည်ဆောက်ခြင်း၊ 1250 KVA Transformer များနှင့်High Tension Panel များ တပ်ဆင်ခြင်း၊ 11 KV Line တည်ဆောက်ခြင်းလုပ်ငန်းတို့ကို Turn Key စနစ်ဖြင့် ဆောင်ရွက်ရန် |
| ၃ | 15(T)1/MR (E)Euro | Spare Parts for Automatic Levelling, Lining and Tamping Machine ED/ALL TM-No.(01 & 02) and Profile Ballast Regulating Machine ED/PBRM-No.01 - (115)Items |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၀.၇.၂၀၁၇ (ကြာသပတေးနေ့) (၁၄ : ၃၀)နာရီ

၂။ တင်ဒါပုံစံများ ကို အောက်ဖော်ပြပါ ဌာန တွင် (၁၉.၆.၂၀၁၇) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင် ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291985, 291994

---

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
## ပင်းတယမြို့
## နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရ၏ ပြည်နယ်ရန်ပုံငွေဖြင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်အတွက် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မြေလမ်း(၃)မိုင်၊ ကျောက်လမ်း(၅)မိုင်၊ ကတ္တရာလမ်း(၂)လမ်း (၆/၄) မိုင်၊ စွမ်းအင်လုပ်ငန်း(၁)ခု၊ သာသနာရေးလုပ်ငန်း (၁)ခုတို့ကိုဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** -၁၉-၆-၂၀၁၇ရက်(တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းမည့်ရက်** -၇-၇-၂၀၁၇ရက်(သောကြာနေ့)
(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** -၁၈-၇-၂၀၁၇ရက်(အင်္ဂါနေ့)

၂။ အိတ်ဖွင့်တင်ဒါ ဝယ်ယူ/တင်သွင်းရမည့် လိပ်စာမှာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၊ ပင်းတယမြို့ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၆၆၀၀၂သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၁ဃ/၇၆၄၂၈ Honda Dream MCL+JA ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်း ၁၃/တခလ(နိုင်)၀၇၄၅၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အမည်မှန်

တာချီလိတ်မြို့၊ ရန်အောင်မြေ (အလက)၊ တတိယတန်း(A) မှ မငွေကြယ်စင်မှူး၏ အမည်မှန်မှာ မငွေကြယ်စင်ဖူးဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးခင်ဇော် ၁၃/ကလတ(နိုင်)၀၂၄၇၄၀ ဖြစ်ပါကြောင်း။

## အမည်မှန်

တာချီလိတ်မြို့၊ ရန်အောင်မြေ (အလက)၊ ဒုတိယတန်း(B)မှ မကြယ်စင်လင်းလက်၏ ဖခင်အမည်မှန်မှာ ဦးခင်ဇော် ၁၃/ကလတ(နိုင်)၀၂၄၇၄၀ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်စွာလင်း C.D.C နံပါတ် 66585 ၏ 4 ticket လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**မောင်ကျော်စွာလင်း**
**ဖုန်း-၀၉-၇၃၀၆၇၀၆၂**


telenor
၁မိနစ် ၅/- နဲ့
တယ်လီနော အချင်းချင်း
ဝိုဝိုပြီးပြော
TELENOR ငွေ
ကွက်တိ
သင့်အတွက်အကောင်းဆုံးအစီအစဉ်ကိုရယူလိုက်ပါ
DIAL *979*1#
ဇွန်လ(၅)ရက် မှ ရက်(၉၀) ပရိုမိုးရှင်းအစီအစဉ်
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။

Number One Directory in Myanmar
YELLOW PAGES

# ဘာပဲလိုလို ?

## ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကြော်ငြာရှင်များသို့အသိပေးအကြောင်းကြားခြင်း. . . . .

ဘာပဲလိုလို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို တည်ထောင်ခဲ့သည့် နှစ်ပေါင်း ၂၅နှစ်အတွင်း ယုံကြည်စွာ လက်တွဲခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ အားကိုးသုံးစွဲခဲ့ကြသော မိဘပြည်သူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၈အတွက်ကြော်ငြာများလည်း လက်ခံလျက်ရှိပါသည်။ ယခုအခါ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို ယုံကြည်စွာအားပေးနေကြသော လုပ်ငန်းရှင်များထံသို့ အချို့သော လမ်းညွှန်စာအုပ်များမှ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် မှ ဝန်ထမ်းများအယောင်ဆောင်၍ ကြော်ငြာများအား နည်းမျိုးစုံ လိမ်လည်လှည့်ဖြားပြီး ကောက်ယူသွားသဖြင့် ဆုံးရှုံးမှုများဖြစ်နေသည်ကို အချို့ကြော်ငြာရှင်များထံမှ ပြန်လည်သိရှိ၊ ကြားသိရပါသည်။



**သို့ပါသောကြောင့်ကျန်ရှိနေသောကြော်ငြာရှင်နှင့်လုပ်ငန်းရှင်များမှထပ်မံဆုံးရှုံးမှုမဖြစ်စေရန်ရန်ကုန်လမ်းညွှန်နှင့်မန္တလေးလမ်းညွှန်မှ ဝန်ထမ်းများ၏ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များရိုက်နှိပ်ပေးထားပါသည်။**

**လူကြီးမင်းတို့ကြော်ငြာထည့်သွင်းခဲ့သည့်ဝန်ထမ်းများ၏ယူနီဖောင်းတွင် ? အမှတ်တံဆိပ်ပါရှိမှသာရန်ကုန်လမ်းညွှန်နှင့်မန္တလေးလမ်းညွှန်မှ ဝန်ထမ်းအစစ်အမှန်ဖြစ်ကြောင်းလေးစားစွာဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။**

PRINT + WEBSITE + MOBILE

" စီးပွားလာဘ်လာဘများ ဒီရေအလားကြီးပွားတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ "

Advertise with us: 09 448001662 (YGN), 02 4000611 (MDY) | www..yangondirectory.com | www.mandalaydirectory.com



## 2017 ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ကျောင်းသူများအတွက်

မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?

Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?

ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တက်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?

ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြပါစို့ !

IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "



**IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်**

Japan Style Education

System Creator Course ( 2 years )

IT Engineer

GOAL!!

IT & Japanese

2 years

START



Zero Level

2017 July 21 ရက်တွင် ဖွင့်လှစ်မည့် System Creator Course တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

01 - 372691, 09 - 976334160

METRO
IT & Japanese Language Centre

IT Course Seminar (ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ)

Date : 25th June 2017 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre

စိတ်ပါဝင်စားသူများ ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 01 - 372691, 09 - 976334160
Website - http://metro-myanmar.com/mic Mail - mminfo@metro-myanmar.com www.facebook.com/metrogroupmyanmar

# ဖားကန့်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဥရုချောင်းရေလျှံမှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့နှင့် လုံးခင်းကျေးရွာတို့တွင် ရေများဝင်ရောက်



**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဖားကန့် ထွေ/အုပ်**

**ဖားကန့် ဇွန် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ဇွန် ၁၇ ရက်က မိုးရေချိန် ငါးလက်မကျော်အထိ သည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၈ ရက် နံနက်အစောပိုင်းမှစတင်၍ ဥရုချောင်းရေလျှံပြီး ချောင်းဘေးရှိ ဖားကန့်အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့ကာ မွန်းလွဲပိုင်းတွင် ရေများတဖြည်းဖြည်းပြန်လည်ကျလာကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

"မိုးက ဇွန် ၁၇ ရက်က ညလုံးပေါက် အဆက်မပြတ်ရွာသွန်းပြီး ဥရုချောင်း ရေလျှံတာပါ။ ဖားကန့်မှာ မိုးရေချိန် ငါးလက်မကျော်အထိ ရွာသွန်းခဲ့တဲ့အတွက် ဒီနေ့မနက် ၃ နာရီလောက်မှာ ဥတုချောင်းကနေတစ်ဆင့် မိုးရေရော၊ တောင်ကျရေရော ပေါင်းပြီး အခုလို ဖားကန့်မြို့ပေါ် ငါးရပ်ကွက်မှာ အနိမ့်ပိုင်းရပ်ကွက်သုံးခုနဲ့ လုံးခင်းကျေးရွာအုပ်စုတွေမှာ အဓိကရေဝင်ရောက်သွားတာဖြစ်ပါတယ်။ မွန်းလွဲ ၁ နာရီနောက်ပိုင်းကစပြီးတော့ ညနေပိုင်းအထိ ရေကဆက်တိုက်ပြန်လည်ကျဆင်းလာခဲ့တယ်။ ဒီနှစ်မှာ ကျွန်တော်တို့အနေနဲ့ ဥရုချောင်းရေစီးရေလာကောင်းအောင်လည်း လုပ်ထားတဲ့အတွက် သိပ်တော့စိုးရိမ်ရတာမျိုးမရှိပါဘူး"ဟု ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က ဆက်သွယ်ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# Lethwei Nation Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ လေးနိုင်ငံပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ဦးစိုင်းဇော်ဇော်နှင့် ဒေါက်တာဖြိုးကိုကိုနိုင် တို့ ဦးဆောင်စီစဉ်ကျင်းပမည့် ပြိုင်ဆိုင်မှုပြင်းထန်သော Lethwei Nation Fight ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို လာမည့်ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ လေးနိုင်ငံမှ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

အဆိုပါ Lethwei Nation Fight ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အိမ်ရှင်မြန်မာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့မှ လက်ဝှေ့ချန်ပီယံများ လာရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး စုစုပေါင်း ပြည်တွင်း/ပြည်ပ ငါးချိတ်ပွဲဆိုင်း ခုနစ်ဆိုင်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ပြည်ပတွဲဆိုင်းများတွင် စောဂေါ်မူဒို(သတ္တိ)နှင့် ဖရော့စမွေ(ခ)ဝီဂျစ်(ထိုင်း)၊ ကြယ်စင်ဖြိုး(ရိုးရာပုဂံ)နှင့် ဒင်ဘိုဆိုင်း(ထိုင်း)၊ မိုက်ရိုင်းလေး (ရွှေဖူး)နှင့် တူလာဘေး(ဥစဘက်ကစ္စတန်)၊ မိုးဟိန်း(ဘိလပ်မြေ စက်ရုံ)နှင့် လိုင်ဖျား(ကမ္ဘောဒီးယား)၊ ကရင်လေး(မြန်မာ)နှင့်ဘိုနမ်(ထိုင်း)၊ ဆလိုင်းချမ်းမြေ့ကို (ထွန်းသွင်)နှင့် ရဲရင့်သွေး (1886 Mandalay)၊ ဒေါင်းဖြူလေး(ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ကောင်းကောင်း(ဘိလပ်မြေစက်ရုံ)တို့ ပါဝင်ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်သည်။

အဓိက Main Fight တွင် စောဂေါ်မူဒို(သတ္တိ)နှင့် ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်မည့် ဖရော့စမွေ(ခ)ဝီဂျစ်သည် သမ္ဘာရင့် မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော

*စာမျက်နှာ ၈ ကော်လံ ၄* ❖

## ဗီယက်နမ် ယူ-၁၅ ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ မြန်မာတတိယရရှိ

စာ » ၁၂

## တာချီလိတ်၌ အမျိုးသားတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံး

စာ » ၁၃

